# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၆ရက်၊ သောကြာနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၇)

**မာတာပိတုဉပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ**

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

## ဆင်ဘိုနှင့် ဒေါ့ဖုန်းယန်မြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

**စက်ခလုတ်နှိပ်ဖွင့်**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနား-အကျဲ-ဆင်ဘို-ကသာ အမှတ်(၃)ခရိုင်ချင်းဆက်လမ်းဆုံ၌ လမ်းညွှန်မြေပုံ၊ လမ်းညွှန်ဆိုင်းဘုတ်နှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အကျဲရေဆိပ်မှ ရေယာဉ်ဖြင့်ထွက်ခွာ၍ မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ရှိ ဆင်ဘိုပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

မြန်မာ့အလင်း **အင်တာနက်ဖောင်ပိတ်သတင်း**



## တရုတ်အာကာသယာဉ် ရှန်ကျိုး-၇ လွှတ်တင်

***ပေကျင်း စက်တင်ဘာ ၂၅***

*တရုတ်နိုင်ငံ၏ တတိယမြောက် အာကာသယာဉ် ရှန်ကျိုး- ၇ ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်းဂန်စုပြည်နယ် ကျူကွမ်အာကာသ ဒုံးပျံယာဉ် လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်က အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်သည်။*

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ဆင်ဘိုမြို့ရှိ ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**မိုးရွာမည်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

## လုံးချောနှင့် စောငမန်း၊ တွေ့မရှောင်နှင့် သူရရဲအောင်တို့ ပြောင်မြောက်သောဗျူဟာဖြင့် ရင်ဆိုင်ကြမည့်ရိုးရာပွဲ

ဘမျိုးဘိုးတူ လက်ဝှေ့သမား ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား)။ (မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Calsome ကွေကာ (MDG. Co., Ltd.)၏ အဓိကကူညီပံ့ပိုးမှုဖြင့် T & T Group မှ ကိုစိုးသန်းဝင်း တာဝန်ယူစီစဉ်သည့် Calsome Challenge Fight-1 မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို စက်တင်ဘာ ၂၇ ရက် (စနေနေ့)နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)များတွင် မွန်းလွဲ ၂ နာရီမှစတင်၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ ပထမနေ့ အဓိကစိန်ခေါ်ပွဲကြီးအဖြစ် ရွှေခါးပတ်ချန်ပီယံ ဩစတြီးယားပြန်တွေ့မရှောင်(K.L.N)နှင့် ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ သူရရဲအောင်(မြန်မာပြည်သား)၊ ဒုတိယနေ့ အဓိက စိန်ခေါ်ပွဲကြီးအဖြစ် အလွတ်တန်းထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် ပထမတန်းလက်ဝှေ့ကျော် စိန်ခေါ်သူအဆင့်(၁) စောငမန်း(ဘားအံ)တို့ အကြိတ်အနယ်ထိုးသတ်ကြမည်ဖြစ်သည်။

**လက်ရည်စစ်ပွဲ**

ယခုပွဲသည် လွန်ခဲ့သော ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်က ကျင်းပခဲ့သော လက်ရည်စစ်စိန်ခေါ်ပွဲ၏ ပွဲဆက်ဟုဆိုလျှင်လည်း မမှားပေ။ ထိုပွဲတွင် လုံးချောက ရန်ကြီးအောင်ကို စတုတ္ထအချီ၌ အလဲထိုးခဲ့ပြီး စောငမန်းက ဒေါင်းညိုလေး(ဒေါင်းမြန်မာ)ကို *စာမျက်နှာ ၁၃ ကော်လံ ၁* ●

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း**
**ဇင်လင်းထွန်း(ဓနုဖြူ)**
**စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)**

ပရိသတ်များ၏ အားပေးမှုတွေကို အပြည့်အဝရရှိထားသည့် ရွှေခါးပတ်ချန်ပီယံ ဩစတြီးယားပြန် တွေ့မရှောင်(K.L.N)။ (မြန်မာ့အလင်း)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်)

# အမျိုးသားပညာရည် တိုးတက်မြင့်မားရေး အသိပညာရှင်၊ အတတ်ပညာရှင်များ လေ့ကျင့်ပျိုးထောင်

မျက်မှောက်ကာလတွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို နည်းပညာစွမ်းအားဖြင့် ပြည့်စုံစေရန် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိရာ နယ်ပယ်ကဏ္ဍစုံ၌ အသိပညာရှင်၊ အတတ်ပညာရှင်များ အံဝင်ခွင်ကျရှိစေရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံနှင့်လူမျိုးတိုးတက်စေရန် လူသားတို့၏ အသိပညာဗဟုသုတကို ဦးစွာမြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍသည် အဓိကကျပေသည်။ ပညာရေးကဏ္ဍ၏ ရည်မှန်းချက်အောင်မြင်ပြည့်မြောက်ရေး၊ ပညာရေးမူဝါဒမှန်ကန်စေရန် ဆရာ ဆရာမများ၏ စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်မှုသည် ပဓာနကျလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကျောင်းသားကျောင်းသူ လူငယ်များ စာပေပညာတတ်ကျွမ်းရုံမျှမက နိုင်ငံဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပညာစွမ်းအားဖြင့် ဖြည့်ဆည်းမြှင့်တင်ပေးနိုင်စေရန် ကျန်းမာကြံ့ခိုင်မှု၊ စာရိတ္တခိုင်ကျည်မှု၊ အတတ်ပညာ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ စွမ်းအားကောင်းနှင့်ပြည့်စုံရန် လေ့ကျင့်ပျိုးထောင်ပေးသွားရမည် ဖြစ်သည်။

ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုဖြစ်သော ဆရာ ဆရာမများအနေဖြင့် လူငယ်များ၏ ပညာစွမ်းရည်တိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများ သင်ကြားပို့ချပေးရမည့်အပြင် လူငယ်များ၏ရည်မှန်းချက်နှင့် နိုင်ငံ့အကျိုးစီးပွား ဆီလျော်မှုရှိစေရန် မှန်ကန်သောလမ်းကြောင်းကို ညွှန်ပြတည့်မတ် ပေးကြရမည်ဖြစ်သည်။

ပြည်သူများ၏ ပညာရည်မြင့်မားမှု နည်းပညာ၊ အသိပညာ၊ အတတ်ပညာစွမ်းအား ပြည့်စုံမှုတို့သည် ပင်မ မဏ္ဍိုင်သဖွယ်ဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရ၏ အမျိုးသားပညာရည် မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရန် ဆရာ ဆရာမများ၏ ကြိုးပမ်းဆောင်ရွက်မှုသည်လည်း အဓိကကျသော အမျိုးသားရေးစွမ်းအား ဖြစ်ပေသည်။

သို့ဖြစ်၍ အမျိုးသားပညာရည် မြင့်မားရေးအတွက် ဆရာ ဆရာမများသည် လူငယ်မောင်မယ်များအား အရည်အသွေးမြင့်မားသည့် အသိပညာရှင်နှင့် အတတ်ပညာရှင်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်၍ လက်တွဲဖော်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၉–၂၀၀၈ (သောကြာနေ့ )

**AM & PM**

| | |
|---|---|
| ၇း၀၀–၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅–၁း၀၅ | **မိဘကျေးဇူးဆပ်ဖူးပြီလား** တရားတော် (မဏိရတနာ ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ) |
| ၈း၀၀–၂း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅–၂း၀၅ | ထင်ရှားဖူးမြော် ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော် |
| ၈း၂၀–၂း၂၀ | VJ Choice |
| ၈း၄၅–၂း၄၅ | Rainforest Homeland (အပိုင်း–၂) |
| ၉း၁၀–၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀–၃း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅–၃း၂၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၄၀–၃း၄၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း) |
| ၉း၅၅–၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀–၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅–၄း၀၅ | နေချင်စဖွယ် အိမ်အလှဆင်ကြမယ် |
| ၁၀း၂၀–၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅–၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀–၄း၃၀ | နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–ကြည်စိုး) |
| ၁၀း၄၀–၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀–၄း၅၀ | Art Vision (Aesthetic Hlaing Art Exhibition) |
| ၁၁း၁၀–၅း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅–၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀–၅း၂၀ | မြန်ပြည်တွင်ဆီရေချိုးလို့ သည်ဆွေမျိုးတို့ ချမ်းမြစေဖို့ |
| ၁၁း၄၀–၅း၄၀ | လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား |
| ၁၂း၀၀–၆း၀၀ | ဂီတသံစဉ်အလှဆင် မေဆွိ |
| ၁၂း၂၀–၆း၂၀ | Fashion Guide (International Fashion & Wedding Show) |
| ၁၂း၅၀–၆း၅၀ | UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ |
| ၁း၀၀–၇း၀၀ | MRTV-4 အပိတ် Logo၊ |

MRTV-4
အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ
ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## မြဝတီရုပ်မြင်သံကြား

၂၆–၉–၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၁၅ | ၄။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၃၀ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၀၀ | ၈။ | မြန်မာစာမြန်မာစကား |
| ၅း၃၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း–၈) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်ဂုဏ်ပြု ဇာတ်လမ်း **နတ်ဝိညာဉ်စစ်ဆင်ရေး** (အပိုင်း–၁) |

# တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများအားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် စက်တင်ဘာ ၂၂ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်မြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုနှင့် ဓာတ်အားကောက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဝန်ကြီးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့ အင်းလေးခေါင်တိုင်ရှိ ဖဖကေဗွီဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၂၃၇) ကြိမ်မြောက် ထီဖွင့်ပွဲ အောက်တိုဘာ၁ရက်၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

(၂၃၇)ကြိမ်မြောက် ငွေကျပ်၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောက်တိုဘာ ၁ရက်၌ အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက်၈နာရီမှစတင်၍ ညနေ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း၅၀၀တစ်ဆု၊ ငွေကျပ် သိန်း၃၀၀နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း၁၀၀ ၃၈ဆု၊ ငွေကျပ်၁၀သိန်း ဆု၆၃၀၊ ငွေကျပ်ငါးသိန်း၂၁ဆု၊ ငွေကျပ်လေးသိန်း ၂၅ဆု၊ ငွေကျပ်နှစ်သိန်း၂၀၄ဆု၊ ငွေကျပ်တစ်သိန်း ဆု၁၆၂၀၊ ငွေကျပ်ရှစ်သောင်း ၆၅ဆု၊ ငွေကျပ်လေးသောင်း ၁၀၁ဆု၊ ငွေကျပ်နှစ်သောင်း၁၆၇၃၆ဆု စုစုပေါင်း ၁၉၄၄၇ဆု ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်စိုက်ပျိုးရေးသိပ္ပံနှင့်နည်းပညာကုမ္ပဏီမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိလင်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Wang Shouchen ဦးဆောင်သည့် Jilin Fuhua Agricultural Science and Technology Development Co., Ltd. မှ ၁၄ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သစ်တောရေးရာကိစ္စများတွင် ရင်းနှီးမြှုပ်နှံရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့ဆွေးနွေးရာတွင် သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိလင်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး **Mr. Wang Shouchen** ဦးဆောင်သည့် **Jilin Fuhua Agricultural Science and Technology Development Co., Ltd.** မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဦးခင်မောင်ဇော်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ၂၁ရက် နံနက်ပိုင်းတွင် ပေါက်မြို့နယ် တက်မတောင်စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူတို့က စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားရာ တက်မတောင်စိမ်းလန်းစိုပြည်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် တင်ဝင်းထွန်းကုမ္ပဏီလီမိတက် သစ်အခြေခံစက်ရုံရှင်းလင်းဆောင်၌ စက်ရုံဥက္ကဋ္ဌ ဦးတင်ဝင်းက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံ အဆင့်ဆင့်၊ တန်ဖိုးမြှင့်သစ်ခွဲသားများ ထုတ်လုပ်ထားရှိမှု၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မုံရွာမြို့နယ် ဇောခိတစ်ထောင်ဒေသစိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူတို့က ဇောခိတစ်ထောင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ဝန်ကြီးသည် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကြိုးဝိုင်းများ ထိန်းသိမ်းထားရှိမှု၊ သစ်တောစိုက်ခင်းများ ထူထောင်ထားရှိမှု၊ တရားမဝင်သစ်ပပျောက်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် မုံရွာမြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံဌာန အမှတ်(၅)အထပ်သားစက်ရုံ၊ အမှတ်(၇၅)သစ်စက်နှင့် အမှတ်(၁) သစ်ပါးလွှာ စက်ရုံတို့သို့ ရောက်ရှိပြီး စက်ရုံများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

### စိုက်ပျိုး

ထို့နောက်ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောင်းဦးမြို့နယ် နတ်ရေကန် ကာကွယ်တော ၂၀၀၇-၂၀၀၈ခုနှစ် အခြားစိုက်ခင်း ဧက(၅၀)နှင့် ရေပိုးစားဥယျာဉ် တို့သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်နှင့် စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မဟော်ဂနီသစ်ပင်များ စိုက်ပျိုးပေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မြန်မာမေကောင်း သစ်အခြေခံစက်မှု ကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံနှင့် Hi-Tech သစ်အချောထည်စက်ရုံတို့သို့ ရောက်ရှိပြီး စက်ရုံများအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ပရိဘောဂများနှင့် တန်ဖိုးမြှင့်သစ်ခွဲသားထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မန္တလေးမြို့ အမရပူရမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀၃)သစ်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၈ခုနှစ် စက်တင်ဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

**(၂၈-၉-၂၀၀၈)ရက်နေ့**

**၂၀၀၈ခုနှစ် အောက်တိုဘာလအတွက်**

**(၁၂-၁၀-၂၀၀၈)ရက်နေ့ နှင့်**

**(၂၆-၁၀-၂၀၀၈)ရက်နေ့**

## ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သွေးလှူဒါန်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော သွေးလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့အထွေထွေရောဂါ ကုဆေးရုံကြီး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကအဖွဲ့ဝင် မွန်ပြည်နယ်အသင်းနာယက မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်အားပေးကြသည်။**

### ကြည့်ရှုအားပေး

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားပြီး သွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ကာ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သွေးလှူဘဏ်၌ သွေးလှူဒါန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံဖြူဇရပ်မြို့နယ်မှ လေးဘာသာဂုဏ်ထူးရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်သည်။

### ဂုဏ်ပြုချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မုဒုံမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရှင်အရဟံခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်အတွင်း ပြည်နယ်အဆင့် စတုတ္ထ၊ မြို့နယ်အဆင့် အောင်ချက်ပထမ ရရှိသော မုဒုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ဒုတိယရရှိသော တံခွန်တိုင် အခြေခံပညာအထက်တန်းကျောင်း၊ ပြည်နယ်အဆင့် အဋ္ဌမ၊ မြို့နယ်အဆင့် တတိယရရှိသော မုဒုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူး ရရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ညနေပိုင်းတွင် မုဒုံမြို့ ကျောင်းနောက်ရပ် အခြေခံပညာမူလတန်းကျောင်း၌ အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသော ကျောင်းသူနှစ်ဦးနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

### ပံ့ပိုး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျောင်းအတွက် ဘိလပ်မြေများ ပံ့ပိုးပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရွာလွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စက်တင်ဘာ ၂၃ရက်တွင် ဗဟိုအလုပ်အမှုဆောင်သည် ပေါင်မြို့နယ်၊ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများသို့သွားရောက်၍ အသင်း၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သင်တန်းမိတ်ဆက်ရှင်းလင်းပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

STI Education သည် Logistics နှင့် Supply Chain Management ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၀၇ နှစ်ဦးပိုင်းမှစကာ ပြည်တွင်းပြည်ပမှ ပညာရှင်များအားဖိတ်ခေါ်၍ ကျင်းပပေးလျက်ရှိသည်။ ထို့ပြင် Diploma in Logistics နှင့် Supply Chain ဘာသာရပ်များကို ပြည်တွင်းရှိ ဝါရင့်ဆရာ ဆရာမကြီးများက ပို့ချပေးလျက်ရှိရာ ယနေ့အထိသင်တန်းသားအမြောက်အမြား အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပြီးဖြစ်သည်။

### ပံ့ပိုးသင်ကြားပေး

ယခုအခါ စင်ကာပူနိုင်ငံအခြေစိုက် Singapore Institute of Materials Management နှင့် ပူးပေါင်း၍ လက်တွေ့လုပ်ငန်းခွင်ရှိ အဆင့်မြင့်ဝန်ထမ်းများအတွက် Executive Diploma in Logistics and Supply Chain Management သင်တန်းကို မကြာမီဖွင့်လှစ်ရန်စီစဉ်လျက်ရှိပြီး သင်တန်းတွင် ဘာသာရပ်စုစုပေါင်းခုနစ်ခု ပါဝင်မည်ဖြစ်ကာ ဘာသာရပ်ငါးခုကို STI Education တွင်လည်းကောင်း၊ ကျန်ဘာသာရပ်နှစ်ခုကို SIMM, Singapore တွင် လည်းကောင်း ပို့ချမည်ဖြစ်သည်။ STI တွင် ပို့ချမည့်ဘာသာရပ်ငါးခုတွင် ဘာသာရပ်တစ်ခုစီအတွက် SIMM မှ Trainer များက ရန်ကုန်မြို့တွင် ကိုယ်တိုင်လာရောက်ပို့ချမည်ဖြစ်ပြီး ပြည်တွင်းမှ ဆရာများကလည်း ပံ့ပိုးသင်ကြားပေးမည်ဖြစ်သည်။

SIMM တွင် Module(2) ခု သင်ကြားနေစဉ်အတွင်း စင်ကာပူ Industries, Logisticsites များသို့ လေ့လာရေးခရီးစဉ်ပါရှိမည်ဖြစ်သည်။ သင်ကြားမည့်နည်းလမ်းမှာ e-Learning ကို အခြေခံ၍ ကမ္ဘာ့ထိပ်တန်း Fortune (500)ကုမ္ပဏီကြီးများ၏ အောင်မြင်မှု၊ ဆုံးရှုံးမှုများနှင့် သင်ခန်းစာရရှိနိုင်သည့် Case Studies များ လေ့လာခြင်း၊ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး ပြန်လည်သုံးသပ်တင်ပြခြင်း၊ သင်ခန်းစာများ၏ အစီရင်ခံချက်များကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆုံးဖြတ်၍ လုပ်ဆောင်ရမည့် နည်းဗျူဟာများချမှတ်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

### ဖြေဆို

သင်တန်းတွင် တစ်ဦးချင်း Assignment နှင့်အုပ်စုအလိုက် Assignment များ ပါဝင်ပြီး Module တစ်ခုစီအတွက် စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကို အလုပ်အကိုင်လုပ်နေသူများ တက်ရောက်နိုင်ရန် စနေ၊ တနင်္ဂနွေစီစဉ်ထားကြောင်း၊ သင်တန်းဝင်ခွင့်အရည်အချင်းမှာ တက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုရရှိထားပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်ဖြစ်သည့်အပြင် အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်သူ ဖြစ်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်စတင်မည့် အထိမ်းအမှတ်အဖြစ် စကောလားရှစ်ဆုပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

ယင်းသင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပွဲကို အောက်တိုဘာ ၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး STI Education အဆောင်(၄) အခန်း ၇ မြန်မာအင်ဖိုတက်ခ်လိုင်ကောလိပ် လှိုင်နယ်မြေ ရန်ကုန်မြို့(သို့မဟုတ်)အမှတ် ၃၇၇ အထက်ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၆/၄၈ နှင့် ၅၀၇၁၅၁/၅၂ တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျောက်တံခါးစည်ပင် သန့်ရှင်းရေးဆောင်ရွက်

**ကျောက်တံခါး စက်တင်ဘာ ၂၅**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမရှေ့နှင့် ရုံးပေါင်းစုံ လမ်းဘေးဝဲယာတွင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်နှင့် မြေခင်းအလှ ပြုပြင်ခြင်း၊ ကတ္တရာလမ်းဘေး ကပ်တုံးများ ဆေးသုတ်ခြင်းလုပ်ငန်းကို ဝန်ထမ်းများဖြင့် ဩဂုတ် ၂၉ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြို့ဝင်ဆိုင်းဘုတ် ပြုပြင်ဆောင်ရွက်

**တမူး စက်တင်ဘာ ၂၅**

မြို့သစ်မြို့(တမူး)၌ မြို့ဝင်ဆိုင်းဘုတ် သာယာလှပရေးလုပ်ငန်းအား စက်တင်ဘာ ၁၅ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဦးတင့်လွင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

26-9 (03).pmd 1 9/26/2008, 3:11 AM

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်း ဒေသများ၌ မုန်တိုင်းကျရောက်ပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေလွှမ်းမှုများကြောင့် ဒေသခံပြည်သူများအတွက် အိုရီဆာပြည်နယ် လေဆိပ်၌ ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့လျက်ရှိသည်ကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## [illegible]

ပြုံယမ်း စက်တင်ဘာ ၂၅

**အမေရိကန်နိုင်ငံသည် လူအစုလိုက်အပြုံလိုက် သေစေနိုင်သည့် လက်နက်များ(ဒဗလျူအမ်ဒီ)များကို ဖြန့်ဖြူးလျက်ရှိပြီး လက်နက်အပြိုင် တပ်ဆင်မှုကို အစပျိုးနေကြောင်း မြောက်ကိုရီးယား အစိုးရသတင်းစာက ဝေဖန်ရေးသားလိုက်သည်။**

### ခြိမ်းခြောက်

အဆိုပါ ဒဗလျူအမ်ဒီလက်နက်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ပေးနေသည့် အမေရိကန်မူဝါဒသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု မြောက်ကိုရီးယား အစိုးရသတင်းစာက ဖော်ပြသည်။

### အထောက်အကူပြု

ထို့အပြင် အင်အားချိန်ခွင်လျှာညီမျှမှု တစ်ဖက်စောင်းနင်း ဖြစ်စေခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများနှင့် လက်နက်အပြိုင် တပ်ဆင်မှုအစပျိုးရန် အထောက်အကူပြုနေကြောင်း စက်တင်ဘာ ၂၃ရက်ထုတ် ယင်းသတင်းစာတွင်ရေးသားဖော်ပြသည်။

### ငြင်းဆို

အကြမ်းဖက်နိုင်ငံများစာရင်းမှ မြောက်ကိုရီးယားကို ပယ်ဖျက်ပေးရန် အမေရိကန်နိုင်ငံက ငြင်းဆိုထားသည်။

ယင်းကို တုံ့ပြန်သောအားဖြင့် မြောက်ကိုရီးယားက ၎င်း၏ နျူကလီးယား ဓာတ်ပေါင်းဖို ပြန်လည် တပ်ဆင်နေပြီဖြစ်ကြောင်း ပြီးခဲ့သည့်လက ကြေညာသည်။

### ဝေဖန်ရေးသားခဲ့

ခြောက်နိုင်ငံဆွေးနွေးပွဲ လိပ်ခဲတည်းလည်း ဖြစ်နေစဉ် မြောက်ကိုရီးယားက အမေရိကန်နိုင်ငံကို အထက်ပါအတိုင်း တုံ့ပြန်ရေးသားခဲ့ခြင်းဖြစ်သည်။

**အမ်အင်န်အေဆင်ဟွာ**

## ဖက်ရှင်ပြပွဲ

**အီတလီနိုင်ငံ အနောက်မြောက်ပိုင်းရှိ မီလန်မြို့၌ ဆောင်းဦးရာသီ ဖက်ရှင်ပြပွဲ၌ ပါဝင်ပြသနေသည့် အလှမယ်တစ်ဦးကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၅-၉-၂၀၀၈

### ဘရာဇီးနှင့် ဗင်နီဇွဲလားသမ္မတတို့ မကြာမီ တွေ့ဆုံမည်

**ဘရာဆီးလီးယား စက်တင်ဘာ ၂၅**

လာမည့်သီတင်းပတ်အတွင်း ဘရာဇီးနိုင်ငံ မန်းနက်စ်မြို့၌ ဘရာဇီးသမ္မတ လူဇီအင်န်ကိုလူလာဒါဆီဗာနှင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့နှစ်ဦး တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

### ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း တိုးမြှင့်မည်

ဖနောင်ပင် စက်တင်ဘာ ၂၅

**ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး ရည်မှန်းထားရှိကြောင်း၊ ၎င်းနိုင်ငံအနေဖြင့် ယခင်လအတွင်းက ကာတာနိုင်ငံနှင့် တိုက်ရိုက်လေကြောင်းလိုင်း ခရီးစဉ်ဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အလားတူကူဝိတ်နိုင်ငံနှင့်လည်း တိုက်ရိုက်လေကြောင်းလိုင်း စီမံကိန်းမျှော်မှန်းထားရှိပြီးဖြစ်ရာ လာမည့်နှစ် ဇန်နဝါရီလအတွင်း အရှေ့အလယ်ပိုင်းဒေသရှိ အာရပ်စော်ဘွားများနိုင်ငံနှင့်လည်း ခရီးသွားလုပ်ငန်း တိုးမြှင့်လုပ်ကိုင်မည်ဖြစ်သည်။**

### ဗီယက်နမ် - ယူကရိန်းကုန်သွယ်မှု မြှင့်တင်မည်

**ဟနွိုင်း စက်တင်ဘာ ၂၅**

လာမည့်နှစ်အတွင်း ယူကရိန်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကာ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံသို့ ရောက်ရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်နှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုများ၌လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်ကြီးက ပြောကြားသည်။

### ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

တိုကျို စက်တင်ဘာ ၂၅

**အမေရိကန်နိုင်ငံ၏ စီးပွားရေး မတည်ငြိမ်မှုများကြောင့် ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးမှာ ကျဆင်းလာခဲ့ကြောင်း ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ ဂျပန်နိုင်ငံသုံး ယန်းငွေနှင့်ဒေါ်လာငွေကြေးလဲလှယ်ရာ၌ အမေရိကန် တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၆ ဒသမ ၀၆ယန်းမှ ၁၀၅ ဒသမ ၆၅ယန်းသို့ ကျဆင်းခဲ့သည်။**

### မက္ကဆီကို၌ ဆင်နှင့်ကားတိုက်မိ၊ ယာဉ်မောင်းနှင့်ဆင်သေဆုံး

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၅**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့စွန်ရှိ အဝေးပြေးလမ်းမကြီးပေါ်၌ ဆင်တစ်ကောင်နှင့် ဘတ်စ်ကားတစ်စီးတိုက်မိခဲ့ရာ ဘတ်စ်ကားမှာ တိမ်းမှောက်သွားပြီး ဆင်မှာလည်း သေဆုံးသွားကြောင်း၊ ယာဉ်မောင်းသေဆုံးပြီး ခရီးသည်လေးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ဒေသတွင်းမီဒီယာများက သတင်းထုတ်ပြန်သည်။ ယင်းဆင်မှာ ဆက်ကပ်အဖွဲ့မှ အသက်၄၀ရှိ ဆင်လိမ္မာမလေးတစ်ကောင်ဖြစ်ကြောင်း ဆင်ဦးစီးက ပြောကြားသည်။

### တရုတ် - ဂျော်ဒန် လျှပ်စစ်စွမ်းအားစီမံကိန်းပူးပေါင်း

အမ္မန် စက်တင်ဘာ ၂၅

**တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်ရှိ လျှပ်စစ်စွမ်းအားကော်ပိုရေးရှင်းနှင့် ဆာမာရာ လျှပ်စစ်စွမ်းအားကော်ပိုရေးရှင်းတို့သည် ဂျော်ဒန်နိုင်ငံ၌ လျှပ်စစ်စွမ်းအား စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် တည်ဆောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို စက်တင်ဘာ ၂၄ရက်က သဘောတူလက်မှတ်ရေးထိုးကာ အဆိုပါ စီမံကိန်းကို အမ္မန်မြို့မြောက်ပိုင်းရှိ ဇာရာကျူဒေသ၌ တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၀ပြည့်နှစ်မှစတင်ကာ လျှပ်စစ်စွမ်းအား ထုတ်လုပ်နိုင်ရန်မျှော်မှန်းထားသည်။**

**ကိုးကား-အင်တာနက်နှင့် ဆင်ဟွာသတင်းများ**

## မသန့်ရှင်းသောနို့မှုန့်ကြောင့် ပြဿနာများနှင့်ရင်ဆိုင်ခဲ့ရမှု စုံစမ်းစစ်ဆေးရေးအဖွဲ့အား တရုတ်အစိုးရစေလွှတ်ထား

**ပေကျင်း စက်တင်ဘာ ၂၅**

တရုတ်အစိုးရသည် မကြာမီက မသန့်ရှင်းသောနို့မှုန့်ကြောင့် ဖြစ်ပေါ်ခဲ့သော နောက်ဆက်တွဲအကျိုးဆက်များကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စက်တင်ဘာ ၂၅ ရက်က ပြည်နယ်အချို့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသို့ အရာရှိအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။

### ဖော်ပြ

ယင်းအဖွဲ့သည် မသန့်ရှင်းသောနို့မှုန့် ကြောင့် ပြဿနာများဖြစ်ပေါ်ခဲ့မှုအနေအထားကို သေချာသိရှိနိုင်စေရန် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အစိုးရ သတင်းရပ်ကွက်တစ်ခုက ပြောကြားခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

### ဘက်စုံဆောင်ရွက်

အဆိုပါအဖွဲ့တွင် ဝန်ကြီးဌာနများနှင့် အစိုးရစီမံခန့်ခွဲရေးဌာန ခုနစ်ခုတို့မှ ကျွမ်းကျင်သူများ၊ အရာရှိများဖြင့် ဖွဲ့စည်းထားကြောင်းသိရသည်။ ၎င်းတို့သည် အစားအသောက် အန္တရာယ်ကင်းရှင်းရေးအတွက် နို့ထွက်ပစ္စည်းများထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရေးနှင့် မသန့်ရှင်းသော နို့ထွက်ပစ္စည်းများနှင့်ပတ်သက်ပြီး ဖမ်းဆီးထိန်းသိမ်းထားသူများအား အပြစ်ပေးရေး စသည်တို့ကို ဘက်စုံ စုံစမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေဆင်ဟွာ**

## အမေရိကန် နိုင်ငံခြားရေးမူဝါဒ အကြီးအကျယ် ပြောင်းလဲရန် ပြည်သူတို့ လိုလားနေ

ဝါရှင်တန် စက်တင်ဘာ ၂၅

**အမေရိကန် ပြည်သူအများစုက ၎င်းနိုင်ငံ၏ အမျိုးသားဂုဏ်သတင်း တိုးတက်ရေးနှင့် ရန်သူများနှင့်တွေ့ဆုံရေးကို အခိုင်အမာထောက်ခံကြောင်း ပြည်သူ့သဘောထားစစ်တမ်းအရ သိရသည်။**

**ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားနှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းတို့ နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်း၍ အချေအတင်ပြောကြားမှုမပြုမီ ရက်ပိုင်းအလို စက်တင်ဘာ ၂၂ရက်က ထုတ်ပြန်သည့် ကမ္ဘာ့ရေးရာဆိုင်ရာ ချီကာဂိုကောင်စီ၏ ပြည်သူ့သဘောထားစစ်တမ်းတွင် နိုင်ငံခြားရေးဝါဒ အကြီးအကျယ်ပြောင်းလဲရေးကို ထောက်ခံကြောင်း တွေ့ရှိရသည်။**

**ကမ္ဘာ့တစ်ဝန်း အမေရိကန်၏ ရပ်တည်ချက်သဘောထား မှန်ကန်တိုးတက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ ထိပ်တန်းဦးစားပေးဖြစ်ရမည်ဟု အမေရိကန်ပြည်သူ ၈၃ရာခိုင်နှုန်းက ထောက်ခံသည်။**

အမ်အင်န်အေဆင်ဟွာ

**အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကူဇက်မြို့၌ နေတိုးဦးဆောင်သည့်တပ်ဖွဲ့အား ပစ်မှတ်ထားကာ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ကဘူးလ် စက်တင်ဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနောက်တောင်ပိုင်း၌ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့စခန်းအား ပစ်မှတ်ထားလျက် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးကျော်ဒဏ်ရာရရှိကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

### စုံစမ်းစစ်ဆေး

ယင်းအကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့စခန်းမှူးက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ထပ်လောင်း ပြောကြားသည်။

**အမ်အင်န်အေဆင်ဟွာ**

အင်တာနက်ကျန်းမာရေး



# အမြင်အာရုံချို့ယွင်းမှု မျိုးဗီဇဆဲလ်များဖြင့် ကုသနိုင်

မျက်စိအမြင်အာရုံချို့ယွင်းမှုကို မျိုးဗီဇဆဲလ် ထည့်သွင်းကုသခြင်းဖြင့် ပြန်လည်ကောင်းမွန်နိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

**ပုံမှန်အမြင်အာရုံ**

မျက်စိအမြင်အာရုံချို့ယွင်းသူများသည် အသက်အရွယ်ရသည့်အခါ မျက်စိမှုန်ခြင်း၊ မျက်စိအာရုံကြောပျက်စီးခြင်းတို့ ဖြစ်ပွားတတ်သည်ဖြစ်ရာ မိမိတို့နှင့် သွေးသားတော်စပ်သူများထံမှ မျိုးဗီဇဆဲလ်များကိုရယူကာ မျက်စိအတွင်း ထည့်သွင်းကုသပေးခြင်းဖြင့် ပုံမှန်အမြင်အာရုံကို ပြန်လည်ရရှိနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

**ထိရောက်အောင်မြင်**

မျိုးရိုးတူညီသောလူများအချင်းချင်း ဆက်စပ်ကုသ၍ရသော နည်းလမ်းဖြစ်သော်လည်း မျက်စိအတွင်းပျက်စီးသွားသောဆဲလ်များအား အမြန်ဆုံးအစားထိုးသည့်နည်းလမ်းဖြစ်ပြီး နှစ်နှစ်ကြာ သုတေသနပြုချက်အရ ထိရောက်အောင်မြင်သော နည်းလမ်းဖြစ်ကြောင်း သိရသည်။

**ဘေးထွက်ဆိုးကျိုး**

ထိုသို့ မျိုးဗီဇဆဲလ်များထည့်သွင်း ကုသခြင်းသည် ဘေးထွက်ဆိုးကျိုးများ မဖြစ်ပေါ်နိုင်သည့်အပြင် မျက်စိကိုလည်း ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း စမ်းသပ်တွေ့ရှိရသည်ဟု ဗြိတိသျှဆေးသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

## ဘဝအမောပြေ

### ဖြစ်နိုင်တယ်...

**သတ္တဗေဒဘာသာရပ်ကို လက်တွေ့သင်ကြားနေသော ဆရာတစ်ဦးက ဖားအရှင်တစ်ကောင်ကို ခွဲစိတ်ပြသကာ မေးခွန်းများမေးလျက်ရှိသည်။**

**ဆရာ** ။ ။ ဂျော်နီ... ဒီအစိတ်အပိုင်းက ဘာလည်းပြောပါ...

**ဂျော်နီ** ။ ။ ဖားရဲ့အစာအိမ်ဖြစ်ပါတယ်...

**ဆရာ** ။ ။ ဟုတ်ပြီ... ဥျန်... ထပါ... ဒါကရော ဘာအစိတ်အပိုင်းလဲ...

**ဥျန်** ။ ။ အူနဲ့ ဖားရဲ့နှလုံးပါ...

**ဆရာ** ။ ။ အေး...ဟုတ်တယ်... ကဲ...စမစ်ထပါဦးကွာ...ဖားအရှင်ကို အခုခွဲစိတ်လိုက်တဲ့အခါ ဘာအခက်အခဲရှိနိုင်လဲ...

**စမစ်** ။ ။ ဂရုတစိုက်မခွဲစိတ်ရင် ဖားရဲ့ကိုယ်တွင်းအစိတ်အပိုင်းတွေ ပျက်စီးသွားနိုင်ပါတယ်ဆရာ...

**ဆရာ** ။ ။ ဟုတ်ပြီ... ကဲ... မိုက်ကယ် ထပါ။ လူကို အရှင်လတ်လတ် ခွဲရင် မင်းအနေနဲ့ဘာဖြစ်နိုင်သလဲ...

**မိုက်ကယ်** ။ ။ လူသတ်မှုကြောင့် ထောင်ကျသွားမှာပါဆရာ...

**ဆရာ** ။ ။ **'ဟေ'**

## သူတို့ အတွေးနှင့်အမြင်

***The greatest blessings to ourselves and others when they are rightly used, are our time and our money. These talents are continual means and opportunities of doing goods.***

ကျွန်ုပ်တို့၏ အချိန်များနှင့်ငွေများကို မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ခဲ့လျှင် ၎င်းတို့သည် ကျွန်ုပ်တို့အတွက်ရော အခြားလူများအတွက်ပါ အကောင်းမြတ်ဆုံး အရာများဖြစ်လာသည်။ ဤထူးခြားချက်နှစ်ခုမှာ ကောင်းသည့်အရာများကို စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် နည်းလမ်းများနှင့် အခွင့်အရေးများပင်ဖြစ်သည်။

**အင်ဒရူးဘိုနာလော(အင်္ဂလိပ်လူမျိုးနိုင်ငံရေးသမား)**

***The universe is not rich enough to buy the vote of an honest man.***

ဤစကြဝဠာသည် လူရိုးလူကောင်းတစ်ဦး၏ ဆန္ဒမဲကို ဝယ်ယူနိုင်လောက်အောင် မချမ်းသာသေးချေ။

**ပုပ်ဂရီဂိုရီသည်ဂရိတ်(အီတလီလူမျိုးပုပ်ရဟန်းမင်းကြီး)**

## ကမ်းခြေဘောလုံးပြိုင်ပွဲ နိုင်ဂျီးရီးယား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်

**လေဂို့စ် စက်တင်ဘာ ၂၅**

အပြည်ပြည်ဆိုင်ရာ ကမ်းခြေဘောလုံးပြိုင်ပွဲကို အောက်တိုဘာလဆန်းတွင် နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့ရှိ ကမ်းခြေဒေသ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။ ကမ်းခြေဘောလုံးပြိုင်ပွဲ၌ ဘရာဇီးအလယ်ပိုင်းဒေသနိုင်ငံများ ၊ ပြင်သစ်နှင့်နိုင်ဂျီးရီးယားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ လူငယ်အားကစားနှင့်လူမှုဖွံ့ဖြိုးရေးပြည်နယ်ကော်မရှင်အဖွဲ့က သတင်းထုတ်ပြန်သည်။

**ဖိတ်ခေါ်**

၎င်းကမ်းခြေဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတကာရှိ ကမ်းရိုးပြည်နယ်များရှိ နိုင်ငံတွင်း အားကစားအသင်းအဖွဲ့များကိုသာ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ရေး သတ်မှတ်ထားရှိကာ ဖိတ်ခေါ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

**ပြသ**

လေဂို့စ်မြို့ကမ်းခြေဒေသ၌ ကျင်းပမည့် ဘောလုံးပြိုင်ပွဲကို နိုင်ဂျီးရီးယားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များအား ပြသရန် စီစဉ်ထားရှိသည်။

(အင်တာနက်)

## ရုရှား ကမ္ဘာလှည့်ခရီးသည်များ

# အဆင်ပြေချောမွေ့စွာ လာရောက်နိုင်ရေး ဗီဇာကင်းလွတ်ခွင့် ဗီယက်နမ်က ဆောင်ရွက်ပေးမည်

**ဟန္နိုင်း စက်တင်ဘာ ၂၅**

ရုရှားနိုင်ငံသားများအနေဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလရက်မှစတင်ကာ ဗီယက်နမ်သို့ လာရောက်ပါက စရောက်ချိန်မှ ၁၅ရက်အတွင်း ဗီဇာကင်းလွတ်ခွင့်ရမည် ဖြစ်ကြောင်း ဗီယက်နမ် သတင်းဌာနက စက်တင်ဘာ၂၃ရက်နေ့၌ သတင်းထုတ်ပြန်သည်။

**ဖော်ပြ**

ယခုအသစ်ထုတ်ပြန်ခဲ့သည့် စည်းမျဉ်း၊ စည်းကမ်းသည် ဗီယက်နမ်သို့ အလည်ခရီး သက်သက်လာရောက်သော သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် ရုရှားနိုင်ငံသားများအတွက်လည်း အကျုံးဝင်ကြောင်း၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၏ ဆုံးဖြတ်ချက်အရ ၎င်းတို့ကို ခွင့်ပြုမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

**ခန့်မှန်းထား**

၂၀၀၇ခုနှစ် အတွင်းက ဗီယက်နမ်နိုင်ငံသို့ ရုရှားခရီးသည် ၆၀၀၀၀ လာရောက်ခဲ့ပြီး ယခုနှစ်တွင် ၇၀၀၀၀ လာရောက်မည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

**နှစ်ကြိမ်ပျံသန်း**

လောလောဆယ်တွင် ရုရှားနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား နေ့စဉ်လေယာဉ်ခရီးစဉ်များ အဆက်မပြတ် ပျံသန်းပြေးဆွဲနေသည့်အပြင် ယင်းနှစ်နိုင်ငံအကြား ခရီးသွားကုမ္ပဏီများ၏ စင်းလုံးငှား လေယာဉ်ခရီးစဉ်များသည်လည်း တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ပျံသန်းပြေးဆွဲနေကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ ဒေသခံများအတွက် အိမ်ရာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

**နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ**

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း**

# ပညာလိုအိုသည်မရှိ ဆိုရိုးရှိခဲ့ပါသော်လည်း ....

## နိုင်ငံတကာမှုခင်း

ဂရီးန်ဘေးမြို့လေးသည် အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ် ဂရီးပင်လယ်အော်ကမ်းခြေရှိ လူဦးရေသုံးသိန်းကျော်နေထိုင်သော အေးချမ်းသာယာလှပသည့် ဆိပ်ကမ်းမြို့လေးဖြစ်သည်။ တစ်နေ့သောအခါ ထိုမြို့လေးတွင် ငိုအားထက် ရယ်အားသန်သော ဖြစ်ရပ်လေးတစ်ခု ဖြစ်ပေါ်ခဲ့သည်။

**စေ့စေ့ငငသုံးစွဲ**

ထိုမြို့လေးတွင် ဝင်ဒီဘရောင်းအမည်ရှိ အမျိုးသမီးတစ်ဦး နေထိုင်သည်။ ဝင်ဒီဘရောင်းသည် လွန်ခဲ့သော ၁၈နှစ်ဖြစ်သည့် ၁၉၉၀ပြည့်နှစ်က စီးပွားရေးလုပ်ငန်းရှင်ငယ်တစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်သက် သုံးနှစ်ရသည့် ၁၉၉၃ခုနှစ်တွင် သမီးလေးတစ်ဦးကို မွေးဖွားခဲ့သည်။ ဝင်ဒီသည် ငယ်စဉ်ကတည်းက ဘဝကိုရုန်းကန်ခဲ့ရသဖြင့် အောက်သက်ကျေသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ခင်ပွန်းသည် ရှာဖွေစုဆောင်းပေးထားသော ငွေကြေးကို အိမ်ရှင်မပီသစွာ စေ့စေ့ငငသုံးစွဲခဲ့သည်။

**အကောင်အထည်ဖော်**

ဝင်ဒီဘရောင်း၏ ကံကြမ္မာအကျိုးပေးဆိုးရွားမှုကြောင့် သမီးလေး(၁၀)နှစ်အရွယ်ရောက်သည့် ၂၀၀၃ခုနှစ်တွင် သူမတို့သားအမိနှစ်ဦးအတွက် ရွှေတောင်ကြီးသဖွယ် အားကိုးအားထားပြုရသည့် ခင်ပွန်းသည် သေဆုံးခဲ့သည်။ ဝင်ဒီအဖို့ ကျစ်ကျစ်လျစ်လျစ် နေထိုင်တတ်သူဖြစ်သဖြင့် ဒုက္ခမရောက်ခဲ့သော်လည်း အရွယ်မရောက်သေးသည့် သမီးငယ်နှင့်ဘဝကို ကြံ့ကြံ့ခံအန်တုခဲ့ရသည်။ ခင်ပွန်းသည်ဆုံးပါးစဉ်က သမီးသည် မူလတန်း အထက်ဆင့်သို့ ရောက်ရှိနေပြီး သူမငယ်စဉ်က မသင်ယူလိုက်ရသော ပညာရေးကို သမီးအား တတ်မြောက်စေချင်သည့် မိခင်တစ်ဦး၏ဆန္ဒကို ကြပ်ကြပ်မတ်မတ် အကောင်အထည်ဖော်ခဲ့သည်။

**ချို့တဲ့ခဲ့**

ဝင်ဒီသည် ငယ်စဉ်က မိဘများ၏ စီးပွားရေးမပြေလည်မှုကြောင့် အခြားသော ကလေးများကဲ့သို့ ပညာကိုကောင်းစွာသင်ခွင့်မရခဲ့သဖြင့် ပညာရေးတွင် ချို့တဲ့ခဲ့ရသည်။ ထို့ကြောင့် သမီး၏ပညာရေးကို အထူးဂရုစိုက် ဦးစားပေးခဲ့သည်။ သမီးအလယ်တန်းအဆင့် အောင်မြင်ပြီးသောအခါ အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်ရန်အတွက်နှင့် ပညာရေးတွင်ထူးချွန်စေရန် သူမ၏မိခင်ဖြစ်သည့် သမီး၏ အဘွားဖြစ်သူနေထိုင်ရာ နီဗားဒါးပြည်နယ် ပက်ချ်ရမ့်ဖ်ပလီ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူစေခဲ့သည်။

**စိတ်ကူးမိ**

ဝင်ဒီသည် သူမတစ်ဦးတည်း အထီးကျန်နေထိုင်ရသော အချိန်များကို တန်ဖိုးရှိစွာ အသုံးချရန် စိတ်ကူးမိလေသည်။ ထိုသို့ စိတ်ကူးမိရာမှ သူမငယ်စဉ်ဘဝက စိတ်ကူးယဉ် အိပ်မက်အဖြစ်သာမက်ခဲ့ရသော ပညာရေးပန်းတိုင်ကို ဆက်လက် လျှောက်လှမ်းလိုသည့်စိတ် တဖွားဖွားပေါ်ပေါက်လာခဲ့ရာမှ အကောင်အထည်ဖော်ခဲ့တော့သည်။

**ပညာရေးကို လွဲမှားသော နည်းလမ်းဖြင့် ဆက်လက် လျှောက်လှမ်းရန် ကြိုးစားခဲ့သူ ဝင်ဒီဘရောင်း။**

**စာရင်းသွင်းတက်ရောက်**

ဝင်ဒီသည် ပထမဦးစွာ နီးဗားဒါးပြည်နယ်တွင် အဘွားဖြစ်သူနှင့် နေထိုင်ကာ ပညာသင်ကြားနေသူ အသက်(၁၅)နှစ်အရွယ်ရှိ သမီးဖြစ်သူထံမှ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို တိတ်တဆိတ်ယူဆောင်လာကာ ဂရီးန်ဘေးမြို့ရှိ အထက်တန်းကျောင်းတွင် သမီးဖြစ်သူ၏ ပညာရေးအထောက်အထားများနှင့်အတူ အထက်တန်းကျောင်းသူအဖြစ် စာရင်းသွင်း တက်ရောက်ခဲ့သည်။ အသက်(၃၃)နှစ်ရှိ ဝင်ဒီသည် ဆယ်ကျော်သက်တစ်ဦးနှယ် ပြင်ဆင်ကာ ကျောင်းတက်ခဲ့သည်ကို ကျောင်းမှမရိပ်မိခဲ့ပေ။

**ပေါ်ပေါက်**

ဝင်ဒီသည် ကျောင်းအားချိန်၌ အားကစားဝန်ဆောင်မှုအသင်းတွင် အလုပ်လုပ်ကာ ဝင်ငွေရှာခဲ့သေးသည်။ သူမသည် တစ်ရက်သာကျောင်းတက်ပြီး ကျောင်းပျက်ခဲ့ရာမှ အစပြုကာ သူမတက်ရောက်ရာ ယင်းမြို့ရှိ အက်ရှ်နော်ဆီဗွန် အထက်တန်းကျောင်း ဒုတိယကျောင်းအုပ် ဒေါ်ခ်ရစ်အင်၏ စုံစမ်းမှုကြောင့် သူမ၏ လိမ်လည်မှုပေါ်ပေါက်သွားခဲ့သည်။ ထို့ကြောင့် သူမသည် အာမခံအတွက် စက်တင်ဘာ ၁၃ရက်က ပေါင် ၈၀၀၀ ပေးဆောင်ခဲ့ရသကဲ့သို့ ပြစ်မှုထင်ရှားစီရင်ပါက ထောင်ဒဏ်ခြောက်နှစ်နှင့်အတူ ဒဏ်ငွေ ပေါင် ၁၀၀၀၀ အရိုက်ခံရမည်သာ ဖြစ်သည်။

**ဝင်ဒီဘရောင်း၏ ကံကြမ္မာအကျိုးပေး ဆိုးရွားမှုကြောင့် သမီးလေး (၁၀)နှစ်အရွယ် ရောက်သည့် ၂၀၀၃ခုနှစ်တွင် သူမတို့ သားအမိနှစ်ဦး အတွက် ရွှေတောင်ကြီးသဖွယ် အားကိုးအားထားပြုရသည့် ခင်ပွန်းသည် သေဆုံးခဲ့၊ ဝင်ဒီအဖို့ ကျစ်ကျစ်လျစ်လျစ် နေထိုင်တတ်သူဖြစ်သဖြင့် ဒုက္ခ မရောက်ခဲ့သော်လည်း အရွယ်မရောက်သေးသည့် သမီးငယ်နှင့် ဘဝကို ကြံ့ကြံ့ခံ အန်တုခဲ့ရ၊ ခင်ပွန်းသည်ဆုံးပါးစဉ်က သမီးသည် မူလတန်း အထက်ဆင့်သို့ ရောက်ရှိနေပြီး သူမငယ်စဉ်က မသင်ယူလိုက်ရသော ပညာရေးကို သမီးအား တတ်မြောက်စေချင်သည့် မိခင်တစ်ဦး၏ ဆန္ဒကို ကြပ်ကြပ်မတ်မတ် အကောင်အထည်ဖော်ခဲ့။**

**ယခုဖြစ်ရပ်တွင် ဝင်ဒီသည် ငယ်စဉ်က မသင်ယူခဲ့ရသော ပညာရေးကို လိုချင်စိတ်ပြင်းပြစွာဖြင့် ဖန်တီးသင်ယူခဲ့ပါသော်လည်း အခွင့်မသာခဲ့ပေ။ ထို့ကြောင့် ပညာလို အိုသည်မရှိဟူသော ဆိုရိုးစကားရှိခဲ့ပါသော်လည်း နည်းလမ်းကို မှန်ကန်စွာ အသုံးမချနိုင်မှုကြောင့် တရားဥပဒေ၏ အရေးယူမှုကို ခံယူရတော့မည့် ဝင်ဒီဘရောင်း၏ ငိုအားထက် ရယ်အားသန်ခဲ့ရသည့် သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်ကို ဖော်ပြလိုက်ရပါကြောင်း။ ။**

ကိုးကား-အင်တာနက်

**ချစ်စိုးနိုင်**
**ကိုးကားရေးဖွဲ့သည်**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် စက်တင်ဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သန်လျင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

# အင်ဒိုနီးရှား အရှေ့ဂျာဗားပြည်နယ်၌မြေပြို ငါးဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ဂျကာတာ စက်တင်ဘာ ၂၅

**အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဘိုဂေါခရိုင်တွင် စက်တင်ဘာ ၂၅ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားရာ** (အောက်ပုံ) **ငါးဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။**

ဖြစ်ပွား

**မြေပြိုမှုဖြစ်ပွားသည့်နေရာမှာ ဘိုဂေါခရိုင် အမ်ပင်းကျေးရွာ၌ဖြစ်ပြီး နေအိမ်နှစ်လုံး ပျက်စီးသွားကြောင်း၊ ယင်းအိမ်များမှ မိသားစုဝင် ငါးဦးသေဆုံးကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများလည်း ဖြစ်ပွားလျက်ရှိသည်။**

## နယူးဇီလန်တောင်ပိုင်း၌ ငလျင်လှုပ် ဒေသခံပြည်သူများ ထွက်ပြေးကြရ

**ဝယ်လ်လင်တန် စက်တင်ဘာ ၂၅**

နယူးဇီလန်နိုင်ငံ တောင်ပိုင်းတွင် စက်တင်ဘာ၂၅ရက်က ရစ်ချ်တာစကေး ၅ ရှိသော ငလျင်လှုပ်သွားကြောင်း နယူးဇီလန်နိုင်ငံ အရာရှိများက ပြောကြားသည်။

ငလျင်လှုပ်သည့်နေရာမှာ နယူးဇီလန်နိုင်ငံတောင်ပိုင်း ကန်တာဘူရီဒေသတွင် ဒေသစံတော်ချိန် နံနက်၁၀နာရီ မိနစ်၄၀ ခန့်ကဖြစ်၍ ငလျင်ကြောင့် ကိုင်ကောရာမြို့တွင် အဆောက်အအုံအချို့ပျက်စီးခဲ့ပြီး လူအများအပြား လမ်းမများပေါ် ထွက်ပြေးခဲ့ကြရကြောင်း သိရသည်။

## တရုတ်တိဗက်ဒေသ၌ ငလျင်လှုပ်

ဝယ်လ်လင်တန် စက်တင်ဘာ ၂၅

**တရုတ်နိုင်ငံ တိဗက်ဒေသတွင် စက်တင်ဘာ ၂၅ရက် ဒေသစံတော်ချိန် နံနက် ၉နာရီ ၄၇မိနစ်က ရစ်ချ်တာစကေး ၆ ရှိသည့် မြေငလျင်လှုပ်သွားကြောင်း တရုတ်အရာရှိများက ပြောကြားသည်။**

**ငလျင်လှုပ်သည့်နေရာမှာ တိဗက်ဒေသ ကျောင်ဘာစီရင်စုတွင်ဖြစ်ပြီး ငလျင်လှုပ်မှုကြောင့် ဒေသခံပြည်သူများ ဘေးကင်းရာသို့ထွက်ပြေးခဲ့ကြကြောင်း၊ ငလျင်လှုပ်မှုမှာ ၁၄မိနစ်ခန့် ကြာခဲ့ကြောင်း သိရသည်။**

# အိန္ဒိယ ဩရိဿပြည်နယ်၌ ရေလွှမ်း ဒေသခံ ၄၈ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တွင် ရေလွှမ်းမှု ဆက်လက်ဖြစ်ပွားရာ စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်းအထိ သေဆုံးသူဦးရေ ၄၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အိန္ဒိယ သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဆောင်ရွက်

ဩရိဿပြည်နယ်အတွင်း ကျေးရွာအများအပြားရေနစ်မြုပ်လျက်ရှိပြီး **(အပေါ်ပုံ)** ဒေသခံပြည်သူ ၃၇၆၆၇၂ဦးတို့အား ဘေးကင်းရာသို့ စက်လှေများဖြင့် ရွှေ့ပြောင်းပေးလျက်ရှိသည်။ မြစ်ရေများ လျှံတက်မှုကြောင့် ရေလွှမ်းမှု ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ရာ ကယ်ဆယ်ရေးအဖွဲ့များက စက်လှေများနှင့် အပေါ့စားရေယာဉ် ၁၅၁၀ ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

● *ကျောဖုံးမှ*

စာကြည့်တိုက်မှူး ဒေါ်ဉမ္မာထွေးနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး စာကြည့်တိုက်ဖွဲ့စည်းထားခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြပါသည်။ ပြည်သူများ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်ခြင်းအလေ့အကျင့်တိုးပွားရန်၊

**"ဒီစာကြည့်တိုက်မှာ အခန်းလိုက် ဘာသာရပ်တွေ ခွဲခြားထားပါတယ်"**

ဒေါ်ဉမ္မာထွေး စာကြည့်တိုက်မှူး စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်။

အတွေးအခေါ်ရင့်သန်လာ၍ ဉာဏ်အမြော်အမြင် မြင့်မားရန်၊ နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်မူဝါဒများနှင့် လုပ်ဆောင်ချက်များကို သိရှိနားလည်သဘောပေါက်ရန်၊သတင်းအချက်အလက် ရှာဖွေစုဆောင်းလိုသူများ သတင်းရယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်း

**မေး**- ဒေါ်ဉမ္မာထွေးရှင့်- ဌာနစိတ်များ ထားရှိမှု အရင်ပြောပြပေးပါ။

**ဖြေ**- စာဖတ်သူများအတွက် ပင်မစာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်း(ရှားပါးစာအုပ်များ) အီလက်ထရွန်နစ်စာဖတ်ခန်း၊ ကလေးစာဖတ်ခန်း ဆိုပြီး ခွဲခြား ထားရှိပါတယ်။

**မေး**- စာအုပ်များကို ငှားရမ်းခွင့်ရှိပါသလား။

**ဖြေ**- အသင်းဝင်များ စာအုပ်ငှားရမ်းခွင့်ရှိပါတယ်။ ဒါပေမယ့် ရှားပါးစာအုပ်များကိုတော့ ငှားရမ်းခွင့်မပြုပါဘူး၊ စာကြည့်တိုက်မှာပဲ ဖတ်ခွင့်ရှိပါတယ်။

**မေး**- စာအုပ်များထားရှိပုံစနစ်ကိုလည်း ပြောပြပေးပါဦး။

**ဖြေ**- ပညာရပ်ဆိုင်ရာ ၁၀ မျိုး ခွဲခြားထားပါတယ်။အထွေထွေ၊ဒဿနိကဗေဒနှင့် စိတ်ပညာ၊ အယူဝါဒ၊ လူမှုရေး၊ ဘာသာစကား၊ သဘာဝသိပ္ပံပညာနှင့် သင်္ချာ၊ အသုံးချသိပ္ပံ အနုပညာရပ်များ၊ စာပေနှင့် စာစပ်နည်း စာစီစာကုံးနည်း၊ အတ္ထုပ္ပတ္တိ ပထဝီဝင်ပညာနှင့် သမိုင်းဆိုပြီး ခွဲခြားထားရှိပါတယ်။

**မေး**- ပညာရပ်ဆိုင်ရာ၁၀မျိုးမှာ ဘာသာရပ်များ ထပ်မံ ခွဲခြားထားပါသေးသလား။

**ဖြေ**- ခွဲခြားထားပါတယ်။ ဥပမာ အထွေထွေဆိုရင် အထွေထွေအောက်မှာသက်ဆိုင်တဲ့စာအုပ်တွေ ခွဲခြားထားပါတယ်။ အယူဝါဒဆိုရင် အယူဝါဒနဲ့ဆိုင်တဲ့ ဘာသာရပ်တွေ ခွဲခြားထားရှိပါတယ်။

**မေး**- မြန်မာ့စွယ်စုံကျမ်းကို ဘယ်အချိန်ကတည်းကစတင်ထုတ်ဝေခဲ့ပါသလဲ။

**ဖြေ**- စွယ်စုံကျမ်းကို ၁၉၅၄ခုနှစ်က အတွဲ ၁၅တွဲ ထုတ်ခဲ့ပါတယ်။ နှစ်အလိုက်ထုတ်ခဲ့တာ ၂၉ အုပ် ရှိပါတယ်။ ၂၀၀၇ခုနှစ်အထိ စုစုပေါင်းဆိုရင် ၄၄တွဲ ရှိပါပြီ။ စာပေဗိမာန် စာတည်းအဖွဲ့ဝင်တွေကပဲ ပြုစုကြပါတယ်။

**မေး**- အီလက်ထရွန်နစ် စာကြည့်တိုက်နဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။

**ဖြေ**- အီလက်ထရွန်နစ် စာကြည့်တိုက်မှာ အစိုးရဌာနများ၊ သုတေသနပြုလိုသူများ သိလိုသောအကြောင်းအရာများကို ရှာဖွေပေးပါတယ်။ ရည်ညွှန်းစာဖတ်ခန်းရှိ စာအုပ်များကို Annotation ရေးသားပြီး ကွန်ပျူတာထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ CD အချပ်၂၀၀၀ကျော်ကို ပညာရပ် ၁၅မျိုး ခွဲခြားထားပြီး စုဆောင်းထားရှိပါတယ်။

**မေး**- ကလေး စာကြည့်တိုက် ထားရှိမှု အကြောင်းလည်း သိပါရစေ။

**ဖြေ**- ကလေးစာကြည့်တိုက်မှာ ကလေးများအကြိုက် ဟာသစာအုပ်၊ ပုံပြင်စာအုပ်များ၊ ကလေးများ ဗဟုသုတရရန် စာအုပ်များ ထားရှိပေးထားပါတယ်။ ကလေးများအတွက် ကစားနည်းမျိုးစုံ၊ ပစ္စည်းများ၊ ဆေးရောင်ခြယ်ခြင်းများအပြင် တီဗွီဂိမ်းကစားနည်းများလည်း စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ အင်္ဂလိပ်စာ ဗဟုသုတ ထုတ်လွှင့်မှုများကိုလည်း ပြသပါတယ်။

**မေး**- လက်ရှိ စာပေဗိမာန် အသင်းဝင် ဦးရေ သိပါရစေ။

**ဖြေ**- ယနေ့အထိ အသင်းဝင် ၃၇၀၁ ဦး ရှိပါတယ်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဆက်လက်၍ စာပေဗိမာန် စာအုပ်အရောင်းဆိုင်သို့ဝင်ရောက်လေ့လာခဲ့ရာ စာပေဗိမာန်ထုတ် စာအုပ်များနှင့် ပြင်ပထုတ် စာအုပ်များ ရောင်းချနေမှုကို မေးမြန်းခဲ့သည်။ စာပေဗိမာန် စာမူဆုများနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုစာမူများကို ပြည်သူ့လက်စွဲစာစဉ်အဖြစ် ရောင်းချကြောင်းကို ဌာနခွဲမှူး(ထုတ်လုပ်) ဒေါ်မြင့်သီတာခိုင်က ရှင်းပြခဲ့သည်။

ပညာခေတ်

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ နည်းပညာများသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်လျက်ရှိသည်။ ထိုပြောင်းလဲတိုးတက်မှုများကို အမီလိုက်နိုင်စေရန်အတွက် ဗဟုသုတနှင့် အသိပညာကြွယ်ဝစေရန် စာများများဖတ်ရှုရန် လိုအပ်သည်။ စာများများဖတ်နိုင်ရန်အတွက် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သို့ အချိန်ယူ သွားရောက်လေ့လာဖတ်ရှုသင့်ကြပါကြောင်း ကြေညာမောင်း ခတ်လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ရှိ e-Library အခန်းကို ဤသို့တွေ့ရသည်။**

**စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်၌ စွယ်စုံကျမ်းများ ဤသို့စနစ်တကျ ထိန်းသိမ်းစုဆောင်းထားရှိသည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၉-၂၀၀၈ရက်**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၀ ၅။ **ကောင်းခြင်းဝေဖြာ** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ အကပြိုင်ပွဲ
၈:၂၅ ၈။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ကြိုတေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄:၂၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်း)
၄:၃၅ ၅။ အတီးပြိုင်ပွဲ
၄:၅၀ ၆။ တေးဂီတအစီအစဉ်
၅:၀၅ ၇။ **မျှော်သူမမောစေချင်** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ- အေဝမ်းမောင်လှမျိုး)
၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၉။ သုမောင်၏တေးများ
၅:၄၅ ၁၀။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသမီး)**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၁၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာ သတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃၂)
၁၉။ အစီအစဉ်ပြီး၏။

✻ *ကျောဖုံးမှ*

ဘောလုံးကစားနည်း စိတ်ပါဝင်စားလာစေရန်နှင့် ပျော်ရွှင်မှုရှိစေရန် လူငယ်ဘောလုံးသင်တန်း ပို့ချကာ အောက်တိုဘာ ၂၈ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် ရန်ပုံငွေပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖွဲ့စည်း

ဘရာဇီးနိုင်ငံ AME ဘောလုံးအသင်းတွင် ဘရာဇီးနိုင်ငံ လက်ရွေးစင်ဟောင်းများနှင့် ဘရာဇီးနှင့် အခြားနိုင်ငံများတွင် ပထမတန်း၊ ဒုတိယတန်းတို့၌ ကစားနေကြသူများဖြင့် ဖွဲ့စည်းထားသော အသင်းဖြစ်သည်။

ပါဝင်

AME အသင်းသည် ယခင်ကလည်း ကမ္ဘာအနှံ့ ရန်ပုံငွေဘောလုံးပွဲများ ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး ဘောလုံးကစားသမားများမှာ အသက် ၃၀ ဝန်းကျင်ခန့်ရှိပြီး ဂျူဗင်းတပ်စ်၊ ဆာဗီလားအသင်း၊ ပေါ်တူဂီနှင့် မက္ကဆီကိုတို့တွင် ကစားနေကြသော ဘောလုံးသမားအချို့ပါဝင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား ဒဂုံအထက(၁)၌ ကျင်းပ

## တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၅

**ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားပြီး မူကြိုအရွယ် ကလေးငယ်များအတွက် အာဟာရပြည့်ဝသော အစားအစာ အချက်အပြုတ် ပြိုင်ပွဲတွင် ပထမဆုရ သန်လျင်မြို့နယ်၊ ဒုတိယဆုရ ကြည့်မြင်တိုင်မြို့နယ်နှင့် တတိယဆုရ ပုဇွန်တောင်မြို့နယ်တို့မှ အာဟာရချက်ပြုတ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

**ဆုပေးအပ်**

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုးနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က တိုင်းအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စစ်ဆေး**

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးများ ဝေငှခြင်းနှင့် အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိမရှိ စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေး မုန်တိုင်းဒဏ် အကာအကွယ် ထည့်သွင်း

## ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်းပြီးစီးရန် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၂၁ရက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် သခွတ်မြစ်ကမ်းနံဘေးရှိ မြိုင်သာယာကျေးရွာ၌ လူနေအိမ်များ ပြန်လည်တည်ဆောက်မည့်မြေနေရာကို ရွေးချယ်သတ်မှတ်ပေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**တက်ရောက်အားပေး**

ဝန်ကြီးသည် ကျေးရွာယာယီစာသင်ကျောင်းဆောင်၌ ကျင်းပသော လေဘေးသင့်ပြည်သူများအတွက် အလှူရှင်များကလှူဒါန်းသည့် ဆန်၊ ဆီ၊ ပဲစသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ၌ တက်ရောက်အားပေးပြီး ကျေးရွာပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးအား တာဝန်ရှိသူတို့က လူနေအိမ်များတည်ဆောက်မည့် မြေနေရာ၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ အားကစားကွင်းများ တည်ဆောက်မည့်နေရာတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဆောက်အအုံများကို မြစ်ကမ်းစပ်မှ အနည်းဆုံးပေ ၁၀၀ခန့် အကွာအဝေးတွင် တည်ဆောက်သွားရန်နှင့် လေဒဏ်၊ ရေလွှမ်းမိုးမှုဒဏ်တို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်ကြီးများကို ယခုကတည်းက ကြိုတင်စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စာသင်ကျောင်း တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုပြီး သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် Cyclone Shelter အဖြစ်ပါ ထည့်သွင်းတည်ဆောက်သွားရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်လုပ်ငန်းစဉ် အဆင့်ဆင့်အလိုက် လိုက်နာဆောင်ရွက်သွားကြရန် မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အမြန်ဆုံးပြီးစီးရန် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်/ကမ်းတင်ရေယာဉ်များနှင့် တံတားများ ပြန်လည်ဖော်ယူဆယ်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

# သင့်သွေးဖြင့် အသက်ကယ်ပါ

## ရေစီးရေလာ ကောင်းရေး

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဘုရားကြီးပိုင်း ရပ်ကွက် (၆)လမ်းတွင် ကွန်ကရစ်ပြွန်များ တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဝ၅ဝ)

# ဆယ်ယူရန် ကျန်ရှိသည့် ရေယာဉ်များ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်

## ပစ္စည်းကိရိယာ၊ နည်းပညာနှင့် ကျွမ်းကျင်သူများ ဆက်လက်ပံ့ပိုး ကူညီပေးသွားမည်

ရန်ကုန် စက်တင်ဘာ ၂၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ ၂၃ရက် မွန်းလွဲ၁နာရီက ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မုန်တိုင်းကြောင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်၊ ကမ်းတင်ရေယာဉ်များနှင့် တံတားများ ပြန်လည်ဖော်ယူ ဆယ်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မုန်တိုင်းကြောင့် ရေလမ်းကြောင်းများအတွင်း နစ်မြုပ်၊ ကမ်းတင်ရေယာဉ်များနှင့် တံတားများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက မိမိတို့ အစီအစဉ်ဖြင့်လည်းကောင်း၊ ဌာနများပူးပေါင်း၍လည်းကောင်း၊ ဖော်ယူကမ်းချခြင်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ ရေလမ်းကြောင်းများတွင် ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း ထပ်မံဆယ်ယူရန် ကျန်ရှိသည့်ရေယာဉ်များအား အမြန်ဆုံးဆယ်ယူ ကမ်းချခြင်းကို ဆက်လက်လုပ်ဆောင်သွားရန်လိုကြောင်း၊ ဌာနများအလိုက် လိုအပ်ချက်များရှိပါက တင်ပြသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက် ရေလမ်းကြောင်းရှင်းလင်းရေးနှင့် နစ်မြုပ်ရေယာဉ် ဆယ်ယူရေး ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဌာနအလိုက် နစ်မြုပ်၊ ကမ်းတင်ရေယာဉ်များ ဆယ်တင်ဆောင်ရွက်မှုအခြေအနေ၊ လိုအပ်သောအထောက်အကူပစ္စည်းများရရှိမှု အခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ရေလမ်းကြောင်းအတွင်း ပင်လယ်ကူး သင်္ဘောကြီးများ ယခင်အခြေအနေအတိုင်း သွားလာနိုင်ရေး ဆောင်ရွက်သွားရန်၊ ဆက်လက်ဆယ်ယူရန်ကျန်ရှိသည့် ရေယာဉ်များ အရှိန်အဟုန်မြှင့်၍ ဌာနဆိုင်ရာများပူးပေါင်းပြီး အမြန်ဆုံးပြီးစီးနိုင်ရေးဆောင်ရွက်ကြရန်၊ လိုအပ်ပါက ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပစ္စည်းကိရိယာ၊ နည်းပညာနှင့်ကျွမ်းကျင်သူများ ဆက်လက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လက်ခံယူ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား ၁ရပ်ကွက်၊ အောင်ဇေယျလမ်းသွယ် ၂နေ ဦးလှမြိုင် ဒုတိယဥက္ကဋ္ဌ(ချင်းတွင်းမြေ အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်)-ဒေါ်ခင်သန်းသန်း (ချင်းတွင်းအသင်းနာယက)တို့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ငွေကျပ်တစ်သိန်းငါးသောင်းကို ဘိုးဘွားများ တစ်နေ့လုံးစာ အထူးအာဟာရအတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း တို့က လက်ခံယူကြစဉ်။ (ဘိုးဘွားရိပ်သာ)

26-9 (07).pmd 1 9/26/2008, 3:12 AM

❒ *ကျောဖုံးမှ*

အော့ပို့ကျူနတီ၏ စက်တင်ဘာ ၂၄ရက် နံနက်က သတင်းပေးပို့မှုအရ အင်္ဂါဂြိုဟ်ပေါ်ရှိ အကြီးမားဆုံး ချိုင့်ဝှမ်းကြီး တစ်ခုအနီးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းချိုင့်ဝှမ်း၏အမည်မှာ အင်ဒီရာဗာဖြစ်ကြောင်း သိရသည်။

**အင်ဒီရာဗာချိုင့်ဝှမ်းအနီးရောက်ရှိ**

အော့ပို့ကျူနတီယာဉ်သည် ဗစ်တိုးရီးယားအမည်ရှိ အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ချိုင့်ဝှမ်းတစ်ခုကိုလေ့လာပြီးနောက် အရှေ့တောင်ဘက်သို့ ဆက်လက်ထွက်ခွာလာရာမှ အင်ဒီရာဗာချိုင့်ဝှမ်းအနီးရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အင်ဒီရာဗာချိုင့်ဝှမ်းအနီး ၁၁ကီလိုမီတာသို့ ရောက်ရှိနေပြီဖြစ်သည်။

**ဥက္ကာခဲကြီးတစ်ခုအရှိန်ပြင်းစွာထိမှန်**

အော့ပို့ကျူနတီယာဉ်မှ ဆက်လက်သတင်းပေးပို့မှုအရ အင်ဒီရာဗာချိုင့်ဝှမ်းကြီးသည် တစ်ချိန်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ မီးတောင်ပေါက်ကွဲခဲ့ခြင်း သို့မဟုတ် အခြားဂြိုဟ်တစ်ခုက ကွဲပြတ်လွင့်ထွက်လာသော ဥက္ကာခဲကြီးတစ်ခု အရှိန်ပြင်းစွာ လာရောက်ထိမှန်ခြင်းတို့ကြောင့် ယခုကဲ့သို့ ကြီးမားသောချိုင့်ဝှမ်းကြီး ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

■ *ကျောဖုံးမှ*

အောင်မြင်ဖြစ်ထွန်းနေသည့် စပါးစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ဆေးဝါးများပေးအပ်**

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ဆေးရုံအုပ်ဒေါက်တာ စုစုကြည်ထံ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက်ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းယုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်ထံ ပေးအပ်သည်။

ဆက်လက်၍ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ဆောင်များအတွင်း ကျောင်းသားကျောင်းသူများ စာပေသင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာသင်ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းရည်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းယုမြို့ တာကြန့်ကျေးရွာ ကျန်းမာရေးဌာနခွဲဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ကျန်းမာရေးဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းယု-မိုင်းယောင်း ကားလမ်းတစ်လျှောက် လမ်းဘေးဝဲ၊ယာရှိ အောင်မြင်ဖြစ်ထွန်းနေသည့် မိုးစပါးစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းယောင်းမြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ဆေးရုံအုပ်ဒေါက်တာသစ်လွင်ထံ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် အားကစားပစ္စည်းများကို မြို့နယ်အားကစားတာဝန်ခံ ဦးဆိုင်ဝင်းတင်ထံ ပေးအပ်သည်။

**(သတင်းစဉ်)**

✳ *ရှေ့ဖုံးမှ*

*ရှန်ကျိုး-၇ အာကာသဒုံးပျံယာဉ် မလွှတ်တင်မီ တရုတ်သမ္မတဟူကျင်တောင်က ရှန်ကျိုး-၇ အာကာသဒုံးပျံနှင့်အတူ လိုက်ပါသွားကြမည့် အာကာသယာဉ်မှူးသုံးဦးအား နှုတ်ဆက်အားပေးစကား ပြောကြားကာ ခရီးစဉ်အောင်မြင် ချောမွေ့စေရန် ဆုမွန်ကောင်းများ တောင်းပေးခဲ့သည်။*

***လမ်းလျှောက်မည်***

*ရှန်ကျိုး-၇ အာကာသဒုံးပျံယာဉ်နှင့်အတူ လိုက်ပါသွားသည့် အာကာသယာဉ်မှူးသုံးဦးမှာ အသက် ၄၂နှစ်အရွယ် ကိုယ်စီရှိသော ကျိုင်ကျိဂန်၊ လျူဘိုမင်းနှင့် ကျန်းဟောပင်းတို့ဖြစ်ကြသည်။ တရုတ် အာကာသယာဉ်မှူး ကျိုင်ကျိဂန်သည် အာကာသအတွင်း မိနစ် ၃၀ကြာ လမ်းလျှောက်ရန် စီစဉ်ထားသည်။*

***သယ်ဆောင်သွား***

*ရှန်ကျိုး-၇ အာကာသယာဉ်နှင့်အတူ ဓာတ်ခွဲခန်းငယ်တစ်ခု၊ အာကာသစခန်း တည်ဆောက်ရန် လိုအပ်သည့်ပစ္စည်းများကို သယ်ဆောင်သွားသည်။*

***(သတင်းနှင့်ဓာတ်ပုံ ဆင်ဟွာ)***

# နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူ ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်းရှိ သီရိလင်္ကာနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ကွယ်လွန်သွားသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်း His Excellency Mr. D.B. Wijetunga အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ရေအောက်၌ အချိန်အကြာဆုံးနေနိုင်သူ

တွမ်စီတက်စ်အမည်ရှိ ဂျာမနီနိုင်ငံသား အမျိုးသားတစ်ဦးသည် ရေအောက်က မည်သည့်အသက်ရှူကိရိယာမျှမပါဘဲ အချိန်ကြာမြင့်စွာ နေထိုင်နိုင်ခဲ့သဖြင့် စက်တင်ဘာ ၂၄ ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။**(ယာပုံ)**

တွမ်စီတက်စ်သည် ရေအောက်၌ အသက်ရှူကိရိယာနှင့် အထောက်အကူ ပစ္စည်းများမပါဘဲ အချိန် ၁၇ မိနစ် ၁၉စက္ကန့်မျှကြာအောင် နေထိုင်ပြနိုင်ခဲ့သည်။ တွမ်စီတက်စ်သည် ဂင်းနက်စ် စံချိန်ပေါင်းများစွာကို ချိုးပြနိုင်ခဲ့သူဖြစ်ပြီး မကြာမီကပင် လေထဲ၌ ဇောက်ထိုးအနေအထားဖြင့် အချိန်အကြာဆုံးနေပြကာ စံချိန်တင်နိုင်ခဲ့သူလည်းဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာ့အကြီးဆုံးပူတင်းမုန့်ကြီး

**အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင် မြို့သူမြို့သားများစုပေါင်းပြီး ကမ္ဘာပေါ်၌ အကြီးဆုံးပူတင်းမုန့်ကြီး တစ်ခုကို ပြုလုပ်ခဲ့ကြသည်။**(အပေါ်ပုံ)

စုပေါင်းပြုလုပ်

**အဆိုပါပူတင်းမုန့်ကြီးသည် အချင်း၁၀ပေ နှစ်လက်မရှိပြီး အမြင့်မှာ နှစ်လက်မခန့် မြင့်သည်။ ယင်းပူတင်းမုန့်ကြီးတွင် ကြက်ဥအလုံး ၁၀၀ကျော်၊ ဒိန်ခဲနှင့် ဂျုံမှုန့် ပေါင်၃၀၊ ချောကလက်၊ အာလူးနှင့် သကြားတို့အပြင် အမွှေးအကြိုင်များထည့်သွင်းကာ ဒေသခံ ၂၀တို့က စုပေါင်းပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။** (အင်တာနက်)

# The Live News ဂျာနယ် အမှတ်(၉၉)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၅**

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၉၉)တွင် မြင်းမူမောင်နိုင်မိုး၏ ကောင်းမှု၊ ရေသဖန်းသီးမှည့်နှင့် သူယုတ်မာ၊ ပညာရှိသူတော်ကောင်း(၁)၊ နီမင်းဆွေ၏ တက်နိုင်ဖျားရောက်၊ ကိုကိုလှိုင်၏ မရေရာမှုများနှင့် မလေးရှားနိုင်ငံရေးကျားကွက်၊ ဦးကို၏ လမ်းပေါ်ကအတွေးများ(၂၀)မျက်ကွယ်စည်းကမ်းဖောက်သူများ၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့ မပြေချယ်ရီမြေ(၂)၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့လမ်း၊ ရပ်ကွက်၊ အစုနဲ့ ဘာသာရေး အဆောက်အအုံများ(၇)၊နီငြိမ်း(အညာတက္ကသိုလ်)၏တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အပိုင်း(၇)၊ အာရှမိုး၏ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား အသက်ကြီးလေစီးပွားပိုရှာရလေဖြစ်လာတဲ့ အနောက်နိုင်ငံသား သက်ကြီးရွယ်အိုများ၊ ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်အသစ် စတင်တာဝန်ယူ၊ ပါကစ္စတန်၏ အချုပ်အခြာအာဏာကို အမေရိကန်က လေးစားပါသည်ဆိုသော်လည်း၊ အာဖဂန်စစ်ပွဲဆိုင်ရာမဟာဗျူဟာကို ပြန်လည်သုံးသပ်မည့်အမေရိကန်၊ ဆရာကြီးနေရာ တစ်ကျော့ပြန်ရောက်လာတဲ့ အလီဇာဒါရီနဲ့ ပါကစ္စတန်နိုင်ငံရေးအနာဂတ်၊ အနုပညာအလုပ်ဟာ Entertainment မပါဘဲ ဘယ်လိုမှအောင်မြင်မှုမရနိုင်ဘူးဆိုတဲ့ နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေသူမိုးမိုးနဲ့တွေ့ဆုံခြင်း၊ တက္ကစီမင်းနှင့်တစ္ဆေမင်း၊ မျက်ဝန်းရိပ် အပိုင်း(၁၃၊၁၄)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၃၃၊ ၃၄)၊ရွှေမင်းသားလေး ချစ်ပုံပြင်ဇာတ်သိမ်းပိုင်းစသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ငွေကျပ် ၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ် ၃၁၀၊ အခန်း ၀၀၄၊ ဝါတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ်(၅၅) ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင်ဓာတ်ပုံများ အသုံးချခြင်း သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technolgyတို့ ပူးပေါင်းစီစဉ်မှုဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုပါ သင်ကြားပေးမည့် ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင်ဓာတ်ပုံ အသုံးချခြင်းဘာသာရပ် (Remote Sensing Course) သင်တန်းကို တတိယအကြိမ်အဖြစ် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ e-Learning Center ၌အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**ဆက်သွယ်**

ယင်းသင်တန်းကို အောက်တိုဘာ ၇ရက်မှ ဒီဇင်ဘာ ၁၇ရက်အထိ သင်တန်းသား ၂၀ဖြင့် လက်ခံသင်ကြားပို့ချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် (၄) အခန်း (၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်း များကိုလည်းကောင်း၊ တိုင်းမှူးက ဆေးပဒေသာပင်အတွက်အလှူငွေများကိုလည်းကောင်းပေးအပ်ကြသည်။

အဆိုပါဆေးရုံသည် အလျား ၁၂၈ပေ၊ အနံ၁၀၃ပေ၊ အမြင့်၁၃ ပေ၊ တစ်ထပ်အာရ်စီကွန်ကရစ်ခင်း၊သွပ်မိုး၊ ဧရိယာ ၃ ဒသမ ၄၄ ဧက ကျယ်ဝန်းပြီး ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့၍ နိုင်ငံတော်က ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့(၃)မိုင် စိုက်ကွင်း၌ ဆင်ဘိုရဲတပ်ဖွဲ့က စိုက်ပျိုးထားရှိသည့် ဆင်း(၃) မျိုးစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

**အလှူငွေများပေးအပ်**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆွမ်ဒူ-မံပင်-ခါယာလမ်းအတိုင်း ထွက်ခွာရာ ဒေါ့ဖုန်းယန်မြို့ ဂျာအင်ယန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှေ့သို့ ရောက်ရှိပြီး ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများအတွက် အဝတ်အထည်များနှင့် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က လယ်ယာမြေဧက ၄၀၀၀ ဖော်ထုတ်စိုက်ပျိုးသွားမည့် မံပိန်ကွင်းစီမံကိန်း စိုက်ကွင်း၌ ဆင်းဧကရီ(၃)မျိုးစပါး ဧက၆၀၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေါ့ဖုန်းယန်မြို့ တိန်းသော်ကြိုးပြင် ကာကွယ်တောအတွင်း မြောက်ပိုင်းတော်ဝင်ကျောက်စိမ်း ကုမ္ပဏီလီမိတက်နှင့် ငွေကြယ်ဖြူကုမ္ပဏီတို့၏ နှစ်ရှည်သီးနှံ ရော်ဘာဧက ၂၀၀၀၀ နှင့် ကျွန်းစိုက်ခင်းဧက ၁၀၀၀၀ စိုက်ပျိုးမည့် စီမံကိန်းရှိ ရော်ဘာပျိုးပင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စိုက်ပျိုးထား**

အဆိုပါ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီ လီမိတက်နှင့် ငွေကြယ်ဖြူကုမ္ပဏီတို့အနေဖြင့် တိန်းသော်ကြိုးပြင် ကာကွယ်တောအတွင်း ရော်ဘာဧက၂၀၀၀၀၊ကျွန်းနှင့်ပျဉ်းကတိုး၊ စပါးဧက ၁၀၀၀၀တို့ကို စိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ ကျွန်းဧက ၁၂၅၀၊ ပျဉ်းကတိုးဧက၂၅၀နှင့် ရော်ဘာဧက ၁၀၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ခါယာနှင့် နားလမ် လမ်းဘေးဝဲ/ယာဧက ၇၀၀၊ ကချင်အထူးဒေသ(၂)မှ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငှက်ပျောစိုက်ခင်းများနှင့် ငှက်ပျောခိုင်များကို ကြည့်ရှုစစ်ဆေးကြပြီး ဒေါ့ဖုန်းယန်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

## အရှေ့ပိုင်းခရိုင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို ယနေ့နံနက်ပိုင်းတွင် သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ခရိုင်အသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတက်ရောက်၍ အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ**

ထို့နောက် တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီခဲ့ကြသည့် အသင်းဝင်လူငယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်

**(သတင်းစဉ်)**

---

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

## မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် စက်တင်ဘာ ၂၅

**စက်တင်ဘာ၂၄ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက စပိန်နိုင်ငံ ဗလင်စီယာမြို့အနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခြင်း၊ မက္ကဆီကိုကမ်းလွန်၌ ရစ်ချ်တာစကေး ၆ဒသမ၄ရှိ ငလျင်လှုပ်သွားခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။**

စက်တင်ဘာ၂၅ ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဖော်ပြရပါလျှင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ၂၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| **ကော့ကရိတ်** | **၆ဒသမ** | **၈၉လက်မ** |
| **မုဒုံ** | **၄ဒသမ** | **၂၁လက်မ** |
| **မော်လမြိုင်** | **၃ဒသမ** | **၅၀လက်မ** |
| **ရေး** | **၃ဒသမ** | **၁၁လက်မ** |
| **ပူတာအို** | **၁ဒသမ** | **၄၆လက်မ** |
| **သံတွဲ၊ခရမ်း** | **၁ဒသမ** | **၃၈လက်မ** |

စက်တင်ဘာ၂၆ရက် **(ယနေ့)**တွင် စစ်ကိုင်းတိုင်း အောက်ပိုင်း၌ နေရာကွက်ကျား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

စက်တင်ဘာ၂၆ရက်(**ယနေ့**)နေပြည်တော်နှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန် ရွာနှုန်း၆၀ဖြစ်သည်။

**မုတ်သုံလေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

**ထူးခြားသည့်အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် နံနက်၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တရုတ်နိုင်ငံတောင်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ဟာဂူပစ်သည် အပူပိုင်းမုန်တိုင်းငယ်အဆင့်သို့ အားလျော့ကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

---

# ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

## ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား ပြည်သူများအနေဖြင့် သက်ဆိုင်ရာနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ရန် တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၂၅

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ၌ ယနေ့ နံနက်ပိုင်းက ပေါက်ကွဲ မှုတစ်ခုဖြစ်ပွားခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ပြိုလဲပျက်စီး**

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း အမှတ်(၄၅) လိုင်းကားမှတ်တိုင် နောက်ရှိ ခြံစည်းရိုး ထောင့်အမှိုက်ပုံ အနီးမှ ပေါက်ကွဲမှု တစ်ခုဖြစ်ပွား ပြီးနောက် ပြိုလဲ ပျက်စီးသွားသောပန်းခြံ ခြံစည်းရိုးနှင့် အခြားအပျက်အစီးများကို တွေ့ရစဉ်။ (သတင်းစဉ်)

**ပေါက်ကွဲ**

ဖြစ်ပွားပုံမှာ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မဟာဗန္ဓုလပန်းခြံအတွင်း အမှတ်(၄၅)လိုင်းကားမှတ်တိုင်နောက်ရှိ ခြံစည်းရိုးထောင့်အမှိုက်ပုံအနီးမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး အပြစ်မဲ့ပြည်သူ ခုနစ်ဦး ဒဏ်ရာများ(အားလုံးမစိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများရောက်ရှိပြီး ပတ်ဝန်းကျင်အား စနစ်တကျ ရှင်းလင်းဆောင်ရွက်ရာ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာမှ ၁၀ ပေခန့်အကွာရှိ ကားမှတ်တိုင်ထိုင်ခုံပေါ်တွင် ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော ချိန်ကိုက်မိုင်းတပ်ဆင်ထားသည့် ကက်ဆက်တစ်လုံးကို ထပ်မံတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းချိန်ကိုက်မိုင်းအား နံနက် ၁၁နာရီ၄၅မိနစ်တွင် ပေါက်ကွဲအောင် အချိန်ကိုက် စီမံဆောင်ရွက်ထားသည်ကို တွေ့ရှိရပြီး နံနက်၁၁နာရီ မိနစ် ၄၀ တွင် မိုင်းအသက်မဲ့ ပြုလုပ်ပြီးစီးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ပြည်သူများ အနားယူအပန်းဖြေရာ ပန်းခြံအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီး အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိသည့်သတင်းကို ကြားသိရသော ပြည်သူများက ယခုကဲ့သို့ ပြည်သူများအား အထိတ်တလန့်ဖြစ်စေပြီး ထိခိုက်ဒဏ်ရာရစေသည့်လုပ်ရပ်မျိုးကို လုပ်ဆောင်ရန်မသင့်ကြောင်း၊ အဆိုပါလုပ်ရပ်မျိုးသည် ပြည်သူများကိုသာ ဒုက္ခရောက်စေသည့် သေးသိမ်သော လုပ်ရပ်ဖြစ်သဖြင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်း၊ ယင်းအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများကို ဖမ်းဆီးရမိပါက ထိထိရောက်ရောက် အပြစ်ပေးအရေးယူသင့်ကြောင်း ဝေဖန်ပြောဆိုလျက်ရှိကြသည်။

**ပူးပေါင်းဆောင်ရွက်**

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီး ရမိရေးအတွက် အသေးစိတ်စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ကြိုတင်ဖော်ထုတ်နိုင်မှသာ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မိုင်းအသက်မဲ့**

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများက ကက်ဆက်နှင့် နာရီတို့ အသုံးပြု၍ အချိန်ကိုက် ပေါက်ကွဲအောင် စီမံဆောင်ရွက်ထားသည့် ချိန်ကိုက် မိုင်းကို မိုင်းအသက်မဲ့ ပြုလုပ်ပြီးနောက် တွေ့ရစဉ်။ (သတင်းစဉ်)

# နို့မှုန့်နှင့် ကျန်းမာရေး

ဒေါက်တာ ခင်မောင်လွင်

'အမိနို့ဂုဏ်' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ရေးခဲ့ဖူးတယ်။ 'သူရဲကောင်းတို့မည်သည် အမိနို့ဂုဏ်ကိုမဖျက်စကောင်း' ဆိုတဲ့ စာသားတစ်ပိုဒ်ကို ဖတ်မိရာကနေ မိခင်နို့ရည်ရဲ့ ဂုဏ်သတ္တိကိုဖွဲ့ခဲ့တာပါ။ အဲဒီအချိန်တုန်းက တစ်ကမ္ဘာလုံးမှာ ဂိုဘီ (GOBI) လို့ အတိုကောက်ခေါ်တဲ့ နည်းပညာပြောင်းလဲမှုကြီးတစ်ရပ်ကို ရှေ့တန်းတင်ပြီး ကလေးတွေ ကျန်းမာဖို့၊ အသက်ရှည်ဖို့ ကြိုးစားကြတဲ့အချိန်ပါ။ G ဆိုတာ Growth Chart (ကိုယ်အလေးချိန်တိုင်း မှတ်တမ်း)၊ O ဆိုတာ Oral Rehydration (ဓာတ်ဆားရည်)၊ B ဆိုတာ Breast Milk (မိခင်နို့ရည်)၊ I ဆိုတာက Immunization (ကာကွယ်ဆေးပေးခြင်း) ဆိုတဲ့ နည်းပညာလေးခုကို ပြည်သူ့ကျန်းမာရေးနယ်ပယ်မှာ စတင်သုံးစွဲခဲ့ကြ တယ်။ ဒီနည်းနဲ့ ကလေးတွေ သန်းပေါင်းများစွာ ရှင်သန်ခဲ့ပြီး ဒီကနေ့ သားကောင်း မိခင် ဖခင်တွေ ဖြစ်နေကြတာပါ။ အဲဒီအထဲမှာ အလွယ်ကူဆုံး၊ မြန်မာ့ဓလေ့နဲ့ အဆီလျော်ဆုံးနည်းပညာဟာ မိခင်နို့တိုက်ကျွေးခြင်းပဲ ဖြစ်ပါတယ်။

အဲဒီခေတ်အခါက တစ်ကမ္ဘာလုံးမှာ မိခင်နို့တိုက်ကျွေးတာဟာ ခေတ်နောက်ကျတဲ့ လက္ခဏာလို့ ယူဆပြီး အလှပျက်မှာဆိုးလို့ ကလေးကို နို့မတိုက်တဲ့မိခင်တွေ များစွာရှိခဲ့ပါတယ်။ နို့မှုန့်တွေအမျိုးမျိုး ပလူပျံနေတဲ့ အချိန်မှာ နို့မှုန့်တွေဟာ မိခင်နို့ကိုအနိုင်ယူခဲ့တာ နှစ်ပေါင်းသုံးဆယ်လောက် ရှိခဲ့ပါတယ်။ မိခင်နို့တိုက်ဖို့ စည်းရုံးဦးဆောင်နေတဲ့ နိုင်ငံတကာ အဖွဲ့ကြီးတစ်ခုကိုတောင် တစ်ချိန်က မြန်မာတွေကြားမှာ နို့မှုန့်ဝေတဲ့ အဖွဲ့လို့ လူသိများခဲ့တဲ့အချိန်ပါ။ ကျွန်တော်တို့ ငယ်ငယ်ကလည်း အားရှိအောင် နို့မှုန့်တွေဖျော်သောက်ခဲ့ဖူးတယ်။ နို့မှုန့်ကို လက်လေးထဲမှာထည့် သကြားနဲ့ ရောနယ်ပြီး လျက်ဆားစားသလို စားရတာ အရသာတွေ့တယ်။ ဝမ်းကတော့ ခဏခဏလျှောတာပဲ။ ကျွန်တော်တို့ဗိုက်တွေက နွားနို့နဲ့လည်း မတည့်ဘူး၊ နို့မှုန့်နဲ့လည်း သိပ်အဆင်မပြေဘူး။ လက်ညစ်ပတ်တာလည်း ပါပါတယ်။ မသန့်တဲ့နို့ဘူးထဲမှာ နို့မှုန့်ကကျဲကျဲ ရေကမသန့်နဲ့ ဝမ်းလျှောပြီး ဆေးရုံရောက်လာတဲ့ ကလေးတွေလည်းအများကြီး တွေ့ခဲ့ဖူးပါတယ်။

အခုလည်း နို့မှုန့်ပြဿနာက ရှေ့တန်းပြန်ရောက်လာပါပြီ။ နို့မှုန့်ထဲမှာ မယ်လမင်းဆိုတဲ့ ဓာတ်တစ်မျိုးပါလာလို့ အဲဒီနို့မှုန့်မျိုး သောက်တဲ့ကလေးတွေမှာ ရောဂါဖြစ်ရုံမကဘူး။ သေတဲ့သူ သေတယ်တဲ့။ အသက်နှစ်နှစ်အောက် ကလေးတွေမှာ အဖြစ်အများဆုံးလို့တွေ့ကြရတယ်။ ဒီနေ့ပဲ ဟောင်ကောင်က ကလေးနှစ်ယောက်ရဲ့ ကျောက်ကပ်ထဲမှာ ကျောက်တည်ပြီး ရောဂါပြဿနာတက်နေတယ်လို့ သတင်းရပါတယ်၊ မယ်လမင်းဆိုတာ ပန်းကန်ခွက်ယောက်အဖြစ်နဲ့ လူသုံးများတဲ့ပစ္စည်းပါ။ ဘယ်လိုကဘယ်လို နို့မှုန့်ထဲရောက်နေသလဲမသိဘူး။ နွားမွေးခြံကလည်း နွားနို့ထဲမှာ သူတို့မယ်လမင်းအမှုန့်တွေ ရောမထည့်ဘူးလို့ပြောတယ်။ နို့မှုန့်ထုတ်တဲ့ ကုမ္ပဏီတွေကလည်း သူတို့ဒါတွေ မသုံးဘူးလို့ ငြင်းတယ်။ စစ်ဆေးတဲ့ လူတွေကလဲ အခုနို့မှုန့်ထဲမှာ မယ်လမင်းဓာတ်ပါနေတာကို တွေ့လာကြ တယ်။ တစ်နိုင်ငံတည်း မကတော့ဘူး။ နို့မှုန့်ပြဿနာဟာ ကျယ်ပြန့်လာလိုက်တာ နို့မှုန့်၊ ဒိန်ချဉ်၊ ရေခဲမုန့်၊ ရေခဲချောင်းကအစ နို့မှုန့်ကိုအသုံးပြုနေတဲ့ အစာအာဟာရတိုင်းမှာ အဆိပ်ဓာတ်တွေ အနည်းနဲ့အများ ပါနေတာ တွေ့ကြရတယ်။

မယ်လမင်းခွက်တွေထဲကို အပူထည့်ရင် အထူးသဖြင့် ဆီနဲ့ကြော်ထားတဲ့ အကြော်ပူပူတွေထည့်ရင် ဓာတ်ပြောင်းသွားပြီး ရောဂါဖြစ်စေတဲ့ ဓာတ်တွေ ထွက်လာတယ်လို့ သိရတယ်။ အခုတော့ နို့မှုန့်ထဲရောထားတဲ့ မယ်လမင်းမှုန့်တွေဟာ ကလေးတွေရဲ့ ခန္ဓာကိုယ်ထဲရောက်၊ ကျောက်ကပ်မှာစုပြီး ကျောက်တည်၊ ရောဂါရ၊ ဆီးမသွားနိုင်၊ ကျောက်ကပ်ပျက်၊ သေတဲ့အထိ ဖြစ်ရတယ်ဆိုတော့ မိဘတွေအားလုံး ချောက်ချားကုန်ကြတော့တာပေါ့။

ကလေးတွေအားရှိအောင်၊ သန်မာထွားကျိုင်းအောင် နို့မှုန့်တွေ ဖိတိုက်ကြရာက မမျှော်လင့်တဲ့ရလဒ် ပေါ်လာတဲ့အတွက် မိဘတွေသာမက နို့မှုန့်ထုတ်လုပ်သူတွေကော၊ ဌာနဆိုင်ရာတွေကော အလုပ်ရှုပ်ကုန်ကြတယ်။ နွားနို့(ဒါမှမဟုတ်) နို့မှုန့်ထဲရောတဲ့ ပစ္စည်းထဲမှာ မယ်လမင်းဓာတ် ပါနေတာကို အရင်ကတည်းက သိသိကြီးနဲ့ ထည့်ခဲ့သလား။ မသိဘဲထည့်ခဲ့ပြီး အခုမှစစ်ဆေးကြည့်လို့ တွေ့သလားဆိုတဲ့ အဖြေတော့ မကြားသေးပါဘူး။ ဒါပေမယ့် နွားနို့(အရည်)ထဲမှာထက် နို့မှုန့်တွေထဲမှာ အတွေ့များတာတော့ စစ်ဆေးသိရှိလာကြပါတယ်။ နို့မှုန့်ရဲ့ အပုံတစ်ရာပုံ တစ်ပုံလောက်ဟာ မယ်လမင်းမှုန့်တွေ ဖြစ်နေတာကို တွေ့ကြရတယ်။ သက်ဆိုင်ရာကုမ္ပဏီတွေက သူတို့တင်ပို့ထားတဲ့ နို့မှုန့်နဲ့ နို့ထွက်ပစ္စည်းတွေကို သိမ်းဆည်းတာ၊ ဖျက်ဆီးပစ်ဖို့ အကြောင်းကြားတာရှိတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလဲ ကူညီဖြေရှင်းပေးနေတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လတစ်လလုံး မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားတွေ မြန်မာတစ်နိုင်ငံလုံးမှာ ကျင်းပခဲ့တာ တွေ့ခဲ့ရပါတယ်။ မိခင်နို့ရာခိုင်နှုန်းပြည့် တိုက်ကျွေးခြင်း (Exclusive Breast Feeding) ကို မွေးစကခြောက်လအထိ ပြည့်ပြည့်ဝဝ တိုက်ကျွေးမယ်၊ ခြောက်လကျော်တော့လည်း ဖြည့်စွက်စာ စနစ်တကျကျွေးမယ်ဆိုရင်တော့ မြန်မာကလေးငယ်တွေ နို့မှုန့်ထဲက အဆိပ်ဓာတ်တွေ ဝင်ရောက်၊ ရောဂါရတဲ့ ပြဿနာနည်းပါလိမ့်မယ်။ မိခင်နို့ရဖို့ ခက်ခဲတဲ့ ကလေးငယ်တွေ အတွက်တော့ သတိထားဖို့ လိုပါလိမ့်မယ်။ ကြော်ငြာတွေ၊ ဆွဲဆောင်မှုတွေကြားမှာ ဘယ်လိုအာဟာရဟာ ကလေးငယ်အတွက် သင့်တော်မလဲဆိုတာ မိဘတွေအတွက် အရွေးရခက်ပါတယ်။ နို့မှုန့်မှာ ပြဿနာပါနေ တယ်ဆိုတဲ့ သတင်းတွေရနေချိန်မှာ ရှောင်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။

ဟိုးတစ်ချိန်တုန်းက ချက်နို့ဆီထဲမှာ ဖော်မလင်ခေါ်တဲ့ ဆေးစိမ်ရည်တွေ ပါနေတယ်ဆိုတဲ့ ယုံမှားသံသယကြောင့် ချက်နို့ဆီ မသောက်ရဲတဲ့ သူတွေ ပေါ်ခဲ့တယ်။ နောက်တစ်ခါ နို့နဲ့ နို့ထွက်ပစ္စည်းတွေထဲမှာ ဒိုင်အောက်ဆင် (Dioxyn) အဆိပ်ဓာတ်တွေပါနေတယ်လို့ ဥရောပနိုင်ငံတချို့က ကြေညာခဲ့စဉ်ကလည်း မြန်မာနိုင်ငံမှာ ပညာပေးကာကွယ်မှုတွေ လုပ်ခဲ့ရပါတယ်။ အဲဒီတုန်းကလည်း နို့၊ နို့မှုန့်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ ရေခဲမုန့်စတာတွေမှာ ပါလာနိုင်တဲ့ အဆိပ်ဓာတ်ကို သတိထားဖို့ ပညာပေးခဲ့ရဖူးပါတယ်။ အခုမေ့လောက်ရှိချိန်မှာ တစ်ခါ မယ်လမင်းဓာတ် နို့မှုန့်ထဲပါလာတဲ့ပြဿနာနဲ့ ကြုံနေရပြန်ပါတယ်။ နိုင်ငံအနှံ့ အပြားနဲ့ သက်ဆိုင်နေတဲ့ကိစ္စမို့ သတိထားပြီး ဆောင်ရွက်ဖို့ လိုပါတယ်။ လောလောဆယ်တော့ နို့မှုန့်အစား နွားနို့လတ်လတ်ဆတ်ဆတ်ကို ကျက်အောင်ကျိုချက်ပြီး သောက်ကြတာတော့ ပိုကောင်းပါမယ်။

ကျွန်တော် ကလေးမဟုတ်ပေမယ့် နို့မှုန့်ပြဿနာဟာ ကျွန်တော်နဲ့ တိုက်ရိုက်ပတ်သက်လာတယ်။ ကျန်းမာရေးအတွက် ဒိန်ချဉ်လုပ်ကျွေးတတ်တဲ့ အိမ်ရှင်မအတွက် အခက်ပါပဲ။ နွားနို့လတ်လတ်ဆတ်ဆတ်ကို ဝယ်ပြီး ဒိန်ချဉ်လုပ်တော့လဲ ရေများလွန်းလို့ ကျိုရတာအချိန်ကြာ၊ ဒိန်ချဉ်လဲမခဲဘဲ ပျက်ပျက်သွားတတ်လို့ နို့မှုန့်ကိုသုံးရတယ်။ နို့မှုန့်ထဲ သကြားပါရင်လဲ ဒိန်ချဉ်က ပျက်တာပဲ။ အခု ဒိန်ချဉ်မပျက်ဘဲ ခဲစေတဲ့ နို့မှုန့်ထဲမှာ မယ်လမင်းဓာတ်တွေ ပါမပါ စဉ်းစားရတော့မယ်။ သက်ကြီးရွယ်အိုတွေ၊ အစာမစားနိုင်လို့ နို့မှုန့်အားဖြည့်ရတဲ့ လူနာတွေအတွက်လည်း သတိထားပြီး ရွေးချယ်ရတော့မယ်။

ဖြစ်နိုင်ရင်တော့ **သဘာဝကရတဲ့ အစားအသောက်တွေကို ရွေးချယ်စားသုံးတာ အကောင်းဆုံးပါပဲ။ အင်အားဓာတ်၊ အသားဓာတ်၊ အမျှင်ဓာတ်၊ သက်စောင့်ဓာတ်တွေ မျှမျှတတပါတဲ့အစာကို မိမိဘာသာရွေးချယ်ပြီး သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။** မြန်မာနိုင်ငံမှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပေါသလောက် အစားနည်းလွန်းတယ်လို့ ပညာရှင်များက ထောက်ပြကြပါတယ်။ နိုင်ငံတော်တော်များများမှာ နွားနို့အစား ပဲနို့ကို ပြောင်းသောက်လာကြပေမယ့် မြန်မာပြည်မှာတော့ ခေတ်မစားလှပါ ဘူး။ ပဲပြား၊ ပဲပုပ်၊ ပုန်းရည်ကြီး၊ တိုဟူး စတဲ့ အစားအစာတွေကိုတော့ လူကြိုက်များကြပါတယ်။ ကျန်းမာရေးနဲ့ညီတဲ့ နွားနို့စစ်စစ်တွေ ပြည်တွင်းမှာ လုံလုံလောက်လောက် ထုတ်လုပ်သောက်သုံးနိုင်ဖို့လဲ ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ နွားနို့တွေ၊ နို့မှုန့်တွေ မပါဘဲလဲ မြန်မာတွေ ကျန်းမာပြီး အသက်ရှည်နိုင်တယ်ဆိုတာကို ပြောပြရပါဦးမယ်။ ။

**သဘာဝကရတဲ့ အစားအသောက်တွေကို ရွေးချယ်စားသုံးတာ အကောင်းဆုံးပါပဲ။ အင်အားဓာတ်၊ အသားဓာတ်၊ အမျှင်ဓာတ်၊ သက်စောင့်ဓာတ်တွေ မျှမျှတတပါတဲ့အစာကို မိမိဘာသာရွေးချယ်ပြီး သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။**

## အာဟာရပြည့်ဝ ကျန်းမာရအောင်

သမ္ဗုသတ္တာ၊ ဌီတိကာသည်
အာဟာရလျှင်၊ အရေးထင်၏။
ကံစိတ်ဥတု၊ မျှတမှုဖြင့်
ရတုခါမီ၊ ပူအေးညီ၍
ရာသီအလိုက်၊ စားသုံးထိုက်သည့်
နှစ်ခြိုက်ဖွယ်ရာ၊ ထိုအစာကို
အာဟာရမျိုး၊ ပြည့်စုံဖြိုးအောင်
စိုက်ပျိုးလတ်ဆတ်၊ စားသုံးအပ်၏။

ရှေးအခါက၊ အစာလည်းဆေး
ဆေးလည်းအစာ၊ စကားလာသို့
ရောဂါကာကွယ်၊ အားအင်ကြွယ်ကို
ချိန်တွယ်မျှတ၊ စားသုံးကြ။
တန်ဆေးလွန်ဘေး၊ မျှတရေးကို
ချင့်တွေးဆင်ခြင်၊ စားသုံးလျှင်မူ
ပျော်ရွှင်ကျန်းမာ၊ စိတ်ချမ်းသာ၏။

တွေ့သမျှတွယ်၊ အစားလွယ်၍
အရွယ်မမျှ၊ ဝလွန်းကြလျှင်
အလှပျောက်ကွယ်၊ ရောဂါကြွယ်၏။
အစားမတော်၊ တစ်လုပ်သော်တည့်
မလျော်သည့်ဘေး၊ ဖြစ်တတ်ရေးကြောင့်
မနေးသတိ၊ အမြဲရှိလော့။

အာဟာရပြည့်လျှင်၊ ရောဂါစင်၍
ပျော်ရွှင်ကျန်းမာ၊ စိတ်ချမ်းသာအောင်
သေချာကျန၊ လိုက်နာကြသော်
ဘဝလည်းလှ၊ လူလည်းလှ၍
လောကလူ့ရွာ၊ အလှဖြာလိမ့်
ကျန်းမာချမ်းသာ ကြစေသတည်း။ ။

ပန်းတောင်းသန်းကြွယ်

## အထက(၁)သာကေတ၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးပွားရေး ပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် စာထောက်(၃) ဒေါ်ရည်လေးလွင်နှင့် တွဲဖက်အဖြစ် ဓာတ်ပုံ(၂)ဒေါ်လှလှရီတို့က ဆောင်ရွက်ပြီး မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြား၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွှန့်က "မိမိဘဝကိုဘယ်လိုမြှင့်တင်မလဲ" ခေါင်းစဉ်ဖြင့်ပညာပေး ဟောပြောသည်။

**လှူဒါန်း**

ဆက်လက်ပြီး စာအုပ်လှူဒါန်းပွဲကိုကျင်းပရာ အထက(၁)ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းတင်က စာအုပ်စာစောင်(၁၀၀)လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်က လက်ခံရယူပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူ ၅၀၀ခန့် တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## အခွန်ကောက်ခံရေး ကြီးကြပ်ဆောင်ရွက်

တမူး စက်တင်ဘာ ၂၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အခွန်ကောက်ခံရရေးနှင့် သားသတ်လုပ်ငန်းလိုင်စင်ရရှိသူများအား စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်လျက်ရှိရာ စက်တင်ဘာ ၁၉ရက်က မြို့မဈေးအတွင်းရှိ အသားရောင်းဆိုင်များအားသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းရှိမရှိကို ဈေးခေါင်း ဦးစန်းမောင်ကြည်နှင့် ဒု-ဦးစီးမှူး ဦးခုတ်မွန်းလျှန်တို့ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**(မြို့နယ်စည်ပင်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# နောင် ၁၀ နှစ်ကြာရင် မန်စီးတီးခေတ် ရောက်မှာလား

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ — ဇော်ထွန်းဦး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် စက်တင်ဘာ ၂၅

**ဒီနှစ် ပရီမီယာလိဂ်ဘောလုံးရာသီမှာတော့ ပွဲဆူအောင်လုပ်ခဲ့တဲ့ မန်စီးတီးအသင်းပိုင်ရှင် အလွဲအပြောင်းနဲ့အတူ ဘောလုံးသမားသစ်ဝယ်ယူရေးစီမံကိန်းတွေကြောင့် ပြိုင်ဘက်တွေ သတိပြုခဲ့ရတဲ့ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ် ငါးပွဲကစားပြီးချိန်မှာ တန်းစီဇယားပဥ္စမအဆင့်မှာ ရပ်တည်နေပါတယ်။**

မန်စီးတီးကလပ်အဆောက်အအုံကို ဤသို့တွေ့ရသည်။

### မန်စီးတီးခေတ်

မန်စီးတီးအသင်းရဲ့ ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်တွေရရှိခဲ့တဲ့ ပွဲတွေအားလုံးကို သေသေချာချာ လိုက်လံကြည့်ရှုခဲ့တဲ့ မန်စီးတီးအသင်းပိုင်ရှင်တွေက လာမယ့် ၁၀ နှစ်တာကာလကျော်မှာ ပရီမီယာလိဂ်မှာ မန်စီးတီးခေတ်ဖြစ်လာစေရမယ်လို့ ကတိပြုလိုက်ပြီဖြစ်ပါတယ်။

### ပြုပြင်တည်ဆောက်

မန်စီးတီးအသင်းရဲ့ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ထားတဲ့ ခါလ်ဒွန်အယ်မူဘာရက်ကတော့ မန်စီးတီးခေတ်ရောက်အောင် ကျွန်တော်တို့ ကြိုးစားသွားမှာပါလို့ ပြောကြားနေပါတယ်။ မန်စီးတီးအသင်းမှာ လက်ရှိနည်းပြ မာ့ခ်ဟုချ်ကိုလည်း ကြိုက်တဲ့ ဘောလုံးသမားတွေနဲ့ အသင်းကို တည်ဆောက်လို့ရတယ်လို့ ပိုင်ရှင်တွေက စိတ်တိုင်းကျ ပြုပြင်ဖွဲ့စည်းလို့ရအောင် ခွင့်ပြုပေးထားပါတယ်။

ဒူဘိုင်းအခြေစိုက် အာဗူဒါဘီ စီးပွားရေးလုပ်ငန်းအုပ်စုဟာ မန်စီးတီးအသင်းကို လိုအပ်တဲ့ စာချုပ်စာတမ်းတွေနဲ့ အခွန်ကိစ္စ၊ စပွန်ဆာ၊ ကြော်ငြာကိစ္စတွေ အပြီးသတ် ဆောင်ရွက်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းပိုင်ရှင် လွှဲပြောင်းမှုကိစ္စ အ၀၀ဟာ စက်တင်ဘာ ၂၃ရက်မှာ အားလုံး အဆင်ပြေစွာ ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် စက်တင်ဘာ ၂၃ရက်မှာ မန်စီးတီးအသင်းကို အပြီးသတ် ပိုင်ဆိုင်ပြီးနောက် ပိုင်ရှင်အသစ်ဖြစ်တဲ့ အေဒီယူဂျီက ဇော်ဘွားသူဌေးတွေက မန်စီးတီးအသင်းကို ဆယ်စုနှစ်တစ်ခု ကာလကျော်ရင် ပရီမီယာလိဂ်မှာ မန်စီးတီးခေတ် ထူထောင်မယ်လို့ တရားဝင် ထုတ်ဖော်ပြောကြားလိုက်တာပဲ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနည်းပြ မာ့ခ်ဟုချ်။

မန်စီးတီးအသင်းရဲ့ လက်ရှိခြေစွမ်းကို ကြည့်ရင်တော့ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးတို့ ခြေစွမ်းကို ဘယ်လိုမှ မယှဉ်နိုင်သေးတာ တွေ့ရပေမယ့် ဒါဟာ ယာယီအခိုက်အတန့်အဖြစ် သဘောထားတယ်လို့ ဆိုပါတယ်။ ဒါအပြင် အဲဒီ ထိပ်တန်းလေးသင်းရဲ့ ကစားသမားစုစည်းမှု၊ ငွေကြေးသုံးစွဲမှုတွေကို အခုကတည်းက စတင်လေ့လာနေပြီး ပြုပြင်ပြောင်းလဲမှု အချက်အလက်တွေကို စနစ်တကျမှတ်တမ်းပြုစုနေပြီဖြစ်ပါတယ်။

### သတ်မှတ်

မန်စီးတီးအသင်းရဲ့ဥက္ကဋ္ဌသစ် ဖြစ်လာတော့မယ့် ခါလ်ဒွန်အယ်မူဘာရက်ကတော့ ပထမငါးနှစ်မှာ ဘောလုံးသမား အပြောင်းအရွှေ့အတွက် ဒေါ်လာသန်း ၅၀၀ သုံးပြီး နောက်ထပ်ငါးနှစ်အတွက် ဒေါ်လာ သန်း ၅၀၀သုံးစွဲဖို့ လျာထားတာမို့ ဒီ ၁၀နှစ်တာကာလမှာ မန်စီးတီးအသင်း ဘောလုံးသမားတွေ အပြောင်းအရွှေ့အတွက်ချည်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ သုံးစွဲသွားဖို့ အကြမ်းအားဖြင့် သတ်မှတ်ထားတယ်လို့ ဆိုပါတယ်။

### ရေရှည်ရင်းနှီးမြှုပ်နှံ

ဒါ့အပြင် အေဒီယူဂျီရဲ့ပိုင်ရှင်တစ်ဦးဖြစ်တဲ့ ရှိတ်မင်ဆိုရာဘင်ဇာယတ်အယ်နာယန်ကလည်း "မန်စီးတီးအသင်းကို အချိန်တိုကာလတစ်ခုအတွက် ဝယ်ယူခဲ့တာ မဟုတ်ဘဲ ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ကိုင်သွားမှာ ဖြစ်တယ်၊ ပိုင်ရှင် ပြောင်းလဲမှာ မဟုတ်ဘူး၊ ပရီမီယာလိဂ်မှာ မန်စီးတီးခေတ် ထူထောင်နိုင်ရမယ်"လို့ ပြောကြားနေပါတယ်။

မန်စီးတီးအသင်းရဲ့လက်ရှိ အနေအထားကို ကြည့်ရင် ၂၀၀၂-၂၀၀၃ ပရီမီယာလိဂ်ဘောလုံးရာသီက န၀မနေရာနဲ့ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီမှာ အဋ္ဌမနေရာ ရရှိခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာလည်း န၀မနေရာ ရရှိခဲ့ရတာမို့ ပထမဆုံးအနေနဲ့ ပရီမီယာလိဂ်တန်းစီဇယားမှာ နောက်ဆုံးလေးသင်းအဆင့်ဝင်အောင် အရင်ကြိုးစားရမှာဖြစ်ပါတယ်။

### ပြုစု

လောလောဆယ်မှာတော့ မန်စီးတီး ဥက္ကဋ္ဌသစ် ခါလ်ဒွန်အယ်မူဘာရက်က နည်းပြ မာ့ခ်ဟုချ်နဲ့ ဆွေးနွေးနေပြီး နေရာလိုက် ဘောလုံးသမားတစ်ဦးချင်းရဲ့ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်း၊ ရှိသင့်တဲ့ ဘောလုံးသမားတွေစာရင်းကို ပြုစုနေတယ်လို့ ဆိုပါတယ်။ နောက်ပြီး မန်စီးတီးကလပ်ရဲ့ နည်းစနစ်ပိုင်းဆိုင်ရာ အဖွဲ့ကိုလည်း ပြောင်းလဲဖွဲ့စည်းသွားမယ်လို့ ဆိုနေတာမို့ ၁၀နှစ်တာကာလမှာ မန်စီးတီးခေတ် ရောက်မရောက် ဆိုတာကတော့....။ ။

ကိုးကား-အင်တာနက်သတင်း

# ပြင်သစ်တင်းနစ်မယ် မော်ရက်စမို ကမ္ဘာ့အဆင့် ၂၅ သို့ ထိုးဆင်းခဲ့

ပေကျင်း စက်တင်ဘာ ၂၅

**ပြင်သစ်နာမည်ကြီး တင်းနစ်အားကစားမယ် မော်ရက်စမိုသည် ပေကျင်းမြို့၌ ကျင်းပသော ချိုင်းနားအိုးပင်း တင်းနစ်ပြိုင်ပွဲ ပထမအကျော့တွင် ရှုံးနိမ့်ခဲ့ပြီးနောက်**

ကမ္ဘာ့အဆင့် ၂၅သို့ ကျဆင်းသွားသော ပြင်သစ် တင်းနစ်မယ် မော်ရက်စမို။

**ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှ ဆက်လက်ကျဆင်းသွားခဲ့သည်။**

### ထိုးဆင်း

**ကမ္ဘာ့နံပါတ်(၁) တင်းနစ် အားကစားသမားဟောင်း မော်ရက်စမိုသည် ဆလိုဗက်ကီးယားမှ စီဘူးကိုဗာအား ၆-၃၊ ၄-၆၊ ၃-၆ ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် ၂၅ သို့ ထိုးဆင်းသွားခဲ့သည်။**

**အဆိုပါ ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယား တင်းနစ်မယ်များဖြစ်ကြသည့် ဂျန်ကိုဗစ်နှင့် အီဗာနိုဗစ်တို့သည် ဗိုလ်စွဲရန် ရေပန်းစားနေသည်။ ယင်းတို့သည် ကမ္ဘာ့အဆင့် (၂)နှင့် အဆင့်(၄) ရှိကြသူများဖြစ်ကြသည်။** (အင်တာနက်)

နယူးကာဆယ်အသင်းအားရောင်းချတော့မည့် ပိုင်ရှင်အက်ရှ်လေ။

# နယူးကာဆယ်ကိုရောင်းချရန် ဘဏ်တစ်ခုကို တာဝန်ပေး

လန်ဒန် စက်တင်ဘာ ၂၅

**နယူးကာဆယ် အသင်းပိုင်ရှင် အက်ရှ်လေက ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် သုံးပွဲ ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းကိုရောင်းချရန် ဘဏ်တစ်ခုကို တာဝန်ပေးလိုက်ကြောင်း ပြောကြားခဲ့သည်။**

**နယူးကာဆယ် အသင်းပိုင်ရှင်က အသင်းအား ရောင်းချရန် လန်ဒန်အခြေစိုက် ရင်းနှီးမြှုပ်နှံရေးဘဏ် ဖြစ်သည့် ဆေမော်ဖီယာစီဘဏ်သို့ တာဝန်ပေးလွှဲအပ်ထားပြီးဖြစ်သည်။**

**ယင်းဘဏ်၏ဥက္ကဋ္ဌ ကိတ်ဟာရစ်သည် ၂၀၀၃ခုနှစ်က ချယ်လ်ဆီးအသင်းအား ရုရှားသူဌေး ရိုမန်အေဘရာမိုဗစ်ရှ်ထံသို့ လွှဲပြောင်းရောင်းချပေးခဲ့သူ ဖြစ်သည်။**

### အကြံဉာဏ်ပေး

**ကိတ်သည် အက်စ်တွန်ဗီလာအသင်းကိုရန်ဒီလာနာအားလွှဲပြောင်းယူရန် အကြံဉာဏ်ပေးခဲ့သူဖြစ်သကဲ့သို့ သက်ဆင်အား မန်စီးတီးအသင်းကို လွှဲပြောင်းရယူရန် အကြံဉာဏ်ပေးခဲ့သူလည်းဖြစ်သည်။ နယူးကာဆယ်အသင်းသည် နောက်ဆုံး သုံးပွဲတွင် ရှုံးနိမ့်မှုများ ဆက်တိုက် ကြုံခဲ့မှုကြောင့် ပရိသတ်များနှင့်အဆင် မပြေဖြစ်ခဲ့ရသည်။** (အင်တာနက်)

# ဒေကိုနှင့်ကာဗယ်ဟို ပြိုင်ပွဲအချို့နှင့်လွဲချော်မည်

**လန်ဒန် စက်တင်ဘာ ၂၅**

ချယ်လ်ဆီးအသင်းမှပေါ်တူဂီကစားသမားများဖြစ်ကြသည့် ရီကာဒိုကာဗယ်ဟိုနှင့် ဒေကိုတို့မပါဘဲ ပွဲစဉ်အချို့ ကစားရဖွယ်ရှိသည်။

နောက်တန်းကစားသမား ကာဗယ်ဟိုသည် မန်ယူနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ဒူးခေါင်း အရွတ်ဒဏ်ရာရရှိသွားသဖြင့် တစ်လခန့် အနားယူရဖွယ်ရှိသည်။

အလားတူ ဒေကိုသည်လည်း ပြီးခဲ့သည့် စက်တင်ဘာ ၂၁ရက် ညပိုင်းက မန်ယူနှင့်ကစားရာတွင်ပေါင်ကြွက်သားဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သဖြင့် ပြိုင်ပွဲနှင့် လွဲခဲ့ရသည်။ ၎င်းသည်လည်း နှစ်ပတ်ခန့် အနားယူ ဆေးကုသခံယူရန် ရှိသည်။

### လွဲချော်ဖွယ်

ချယ်လ်ဆီးအသင်းတွင် ဒေကိုသည် အက်ဆီယံ ဒဏ်ရာရရှိနေသဖြင့် ခြောက်လကြာ အနားယူနေစဉ်အတွင်း ဂျွန်မိုက်ကယ်အိုဘီနှင့် တွဲဖက်ကစားနေသူဖြစ်သည်။ ဒေကိုသည် ပို့စ်မောက်နှင့် ကစားမည့် ကာလင်းဖလားပြိုင်ပွဲ၊ ချန်ပီယံလိဂ်တွင် စီအက်ဖ်အာရ်နှင့် ကစားမည့်ပွဲ၊ ပရီမီယာလိဂ်၌ စတုတ်၊ အက်စတွန်ဗီလာတို့နှင့် ကစားမည့် ပွဲများနှင့် လွဲချော်ဖွယ်ရှိသည်။ **(အင်တာနက်)**

**ချယ်လ်ဆီးအသင်းမှ ဒဏ်ရာရကစားသမားများဖြစ်သည့် ကာဗယ် ဟို နှင့် ဒေကို (ယာစွန်)။**



# လာမည့်နှစ် ဥရောပဒေးဗစ်ဖလား အာဖရိကဇုန် အိမ်ရှင်ဗြိတိန် ယူကရိန်းအား လက်ခံကစားရမည်

**လန်ဒန် စက်တင်ဘာ ၂၅**

ဗြိတိန်နိုင်ငံသည် လာမည့်နှစ်တွင် ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ၌ ဥရောပနှင့် အာဖရိကဇုန် အိမ်ရှင်အဖြစ် ယူကရိန်းနိုင်ငံအား လက်ခံ ကစားရမည်ဖြစ်သည်။

### စိတ်ပျက်ဖွယ်ရာ

ဗြိတိန်နိုင်ငံသည် စက်တင်ဘာ ၂၁ရက်က ဝင်ဘယ်ဒန်တွင် ယှဉ်ပြိုင်ကစားခဲ့သော ကမ္ဘာ့ဖလားအုပ်စု တင်းနစ်ပြိုင်ပွဲတွင် ဩစတြီးယားအား ၃-၂ ဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယအဆင့်သို့ ဆင်းခဲ့ရသော စိတ်ပျက်ဖွယ်ရာရလဒ်ကို တွေ့ကြုံခဲ့ရသည်။

ယခုအကြိမ် ဗြိတိန်နှင့်ယူကရိန်း ဆုံတွေ့မည့် ပွဲစဉ်သည် လေးကြိမ်မြောက်ဆုံတွေ့မည့် ပွဲစဉ်ဖြစ်လာမည်ဖြစ်ပြီး ယခင်ဆုံတွေ့ခဲ့သည့် သုံးကြိမ်စလုံး ဗြိတိန်တို့က အနိုင်ရရှိခဲ့သည်။



အန်ဒီမူရေး

**ဒေးဗစ်ဖလား တင်းနစ် ပြိုင်ပွဲတွင် အားထားရမည့် အန်ဒီမူရေး** (ယာစွန်)။

ယင်းပွဲစဉ်ကို ကနဦးက ၂၀၀၉ ခုနှစ် မေလတွင် ယှဉ်ပြိုင်ကစားစေရန် စီစဉ်ခဲ့သော်လည်း သက်ဆိုင်ရာအဖွဲ့၏ ဆုံးဖြတ်ချက်အရ မတ်၆ရက်မှ ၈ရက်အထိ ယှဉ်ပြိုင်ကစားရန် မူလကျင်းပမည့်ရက်ကို ရှေ့သို့ ရွှေ့ခဲ့သည်။

### မျှော်လင့်

ယခု အတိအကျ သတ်မှတ်လိုက်သော ပြိုင်ပွဲတွင် မိမိတို့ အနိုင်ရမည်ဖြစ်ကြောင်း၊ စတားနို့ဗ်စကီးသည် ထိပ်တန်းအဆင့်ရှိ လူငယ် ကစားသမားကောင်း တစ်ဦးဖြစ်ကြောင်း၊ မည်သည့်မြေတွင်မဆို ကျွမ်းကျင်စွာ ကစားနိုင်ကြောင်း၊ သို့သော်လည်း ယင်းပွဲစဉ်တွင် မိမိတို့အနေဖြင့် သရေသာ ကစားနိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း ဗြိတိန်တင်းနစ်အသင်း ခေါင်းဆောင် ဂျွန်လွိုက်က အယ်လ်တီအေဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

(အင်တာနက်)

မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်စုစည်းသည်

# ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်
## မိုးကောင်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် စက်တင်ဘာ၂၀ရက်က မြစ်ကြီးနားမြို့ ပမ္မတီးကျေးရွာ၌ ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းက အသင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ကြသည်။**

### အမှာစကား

ယင်းမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့သည် ရမ်ပူ ရပ်ကွက်သို့ရောက်ရှိပြီး ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

### တွေ့ဆုံ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ဝိုင်းမော်မြို့နယ်မဒိန်ကျေးရွာ၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် စက်တင်ဘာ ၂၁ရက်တွင် မိုးကောင်းမြို့နယ် နမ္မတီးအခြေခံပညာအထက်တန်းကျောင်း၌ မြို့မိမြို့ဖများအား တွေ့ဆုံ အမှာစကား ပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

### အသင်းဝင်အဆိုပြုလွှာပေးအပ်

ယင်းနောက် အသင်းဝင် အဆိုပြုလွှာစောင်ရေ ၁၅၅၀ကိုပေးအပ်ကြရာ မိုးကောင်းမြို့နယ် အတွင်းရေးမှူးက လက်ခံပြီး ပြည်နယ်အတွင်းရေးမှူးက အသင်းဝတ်စုံများပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မိုးကောင်းမြို့နယ် ကျွန်းပင်သာကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျေးရွာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

### တက်ရောက်

ထို့နောက် ဗဟိုအတွင်းရေးမှူးဝန်ကြီးသည် မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဗဟိုအတွင်းရေးမှူးနှင့် ဒုတိယတိုင်းမှူးတို့က ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက်မြို့နယ်အတွင်းရေးမှူးက အသင်းဝင်အဆိုပြုလွှာစောင်ရေ ၃၂၀၀ ကိုပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဆရာ ဆရာမများအတွက် ဂုဏ်ပြုဆုများချီးမြှင့်ပြီး လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီခဲ့ကြသည့် အသင်းဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မိုးကောင်းမြို့နယ် နတ်ကြီးကုန်းရပ်ကွက်မှ ရပ်မိရပ်ဖများအားတွေ့ဆုံမှာကြားပြီး မိုးကောင်းမြို့ D-Amps ဆယ်လ်လူလာစနစ်စက်ခန်းသို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများက D-Amps ဆယ်လ်လူလာစနစ် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစားအသောက် အန္တရာယ် ကင်းစင်ရေး
## ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာဌာန၊ သားဖွားခန်း၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ကာကွယ်ဆေးများထားရှိသော အအေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ကြီးအား မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်စန်းထက်တို့က မြို့နယ်အတွင်း ရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်ချက်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံဖျားနာဆောင်၊ ဓာတ်မှန်ခန်းအတွင်း စက်ပစ္စည်းများတပ်ဆင်ထားမှု၊ အရေးပေါ်နှင့် ပြင်ပလူနာဌာနများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ကြီးအား ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### စမ်းသပ်စစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် မင်းကျောင်းလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ရောက်ရှိပြီး အစားအသောက် အန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေး၊ ဓာတ်ခွဲ ဌာနခွဲနှင့် ဆေးဝါးဓာတ်ခွဲဌာန၌ ဈေးကွက်များမှရရှိသည့် နို့မှုန့်များတွင် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ အထူးသဖြင့် မယ်လမင်း (Melamine) ပါဝင်ခြင်းရှိမရှိ စမ်းသပ်စစ်ဆေးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆေးဝါးအန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဓာတ်ခွဲဌာနခွဲတွင် ဆေးဝါးများ သတ်မှတ်စံနှုန်း ကိုက်ညီမှုရှိမရှိ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုနှင့် ဆေးဝါးအတုများ ဈေးကွက်အတွင်း တွေ့ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ဈေးကွက်များရှိ အချိုရည်များတွင် စိတ်ကြွဆေးများပါဝင်မှု ရှိမရှိ စမ်းသပ်စစ်ဆေးခဲ့ရာ စိတ်ကြွဆေးများ ပါဝင်မှုမရှိကြောင်း တွေ့ရှိရသည်။

ယင်းနောက် ဝန်ကြီးအား အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး(အစာ/ဆေးဝါး)က ဌာန၏ ဆောင်ရွက်ချက်များကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### စောင့်ကြပ်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာသင်ခန်း ခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ အထူးကုဆေးရုံကြီးများမှ ကလေးအထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံကာ ယခုရက်ပိုင်းအတွင်း ဆေးရုံသို့လာရောက်ပြသသည့် ကလေးလူနာများတွင် ဆီးနှင့်ပတ်သက်သည့် ရောဂါလက္ခဏာများ၊ ခါးအောင့်သည့် လက္ခဏာများရှိမရှိ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုရန်နှင့် တွေ့ရှိလာပါက ဝန်ကြီးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ရန်၊ အခြားနိုင်ငံများတွင် နို့မှုန့်၌ပါဝင်သည့် မယ်လမင်း(Melamine)ကြောင့် ကလေးများတွင် အန္တရာယ်ရှိသည့်လက္ခဏာများ တွေ့ရှိရသဖြင့် မြန်မာနိုင်ငံတွင် ယင်းပြဿနာမျိုး မရှိစေရေးအတွက် သတိဖြင့် စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဥတုရာသီ တောကိုမှီ၏

# မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်ရမည့် အချစ်ကလန်းတယ်ဇာတ်ကား
## မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတီရီယိုစနစ်သုံးဇာတ်ကားအဖြစ် ရိုက်ကူးထား

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် စက်တင်ဘာ ၂၅

**လှစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးမြင့်ဆွေ စီစဉ်တင်ဆက်လိုက်သည့် အချစ်ကလန်းတယ် ဇာတ်ကားမှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတီရီယိုစနစ်သုံး မြန်မာဇာတ်ကားအဖြစ် မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်ရမည့်ဇာတ်ကားဖြစ်သည်။**

မြန်မာ့ရုပ်ရှင်ခေတ်ဦး အသံတိတ် ဇာတ်ကားများနောက်ပိုင်း မြန်မာဇာတ်ကားများကို မိုနိုစနစ်ဖြင့် အသံသွင်း ရိုက်ကူးထုတ်လုပ်လာခဲ့သည်မှာ **အချစ်ကလန်းတယ်** ဇာတ်ကားမတိုင်ခင် အချိန်အထိ ဖြစ်သည်။

ကားကူး၊ ကားဆက်နှင့် ရုပ်သံထွက် ပိုမိုကောင်းမွန်စေရေးအတွက် ယခင်က ပြည်ပတွင်သွားရောက်ကာ စတီရီယိုစနစ် ပြောင်းလဲထုတ်လုပ်ထားသော ဇာတ်ကားများ ရှိခဲ့သော်ငြားလည်း **အချစ်ကလန်းတယ်** ဇာတ်ကားမှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတီရီယိုစနစ်ဖြင့် ရိုက်ကူးထုတ်လုပ်နိုင်သော ဇာတ်ကားအဖြစ် မှတ်တမ်းတင်ရမည့် ဇာတ်ကားဖြစ်သည်။

မိုနိုစနစ်မှ အဆင့်မြင့် စတီရီယိုစနစ်သုံး ရုပ်ရှင်ကားများကို ယခုအချိန်မှစပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ပြည်တွင်း၌ပင် တည်းဖြတ်ထုတ်လုပ်နိုင်တော့မည်မှာ မြန်မာ့ရုပ်ရှင်အဆင့်မြင့်မားရေးအတွက် ရှေ့သို့ တစ်လှမ်းတက်လိုက်ခြင်းပင်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကြိုးပမ်းချက်ကြောင့် ယခင်က မြန်မာဇာတ်ကားများတွင် ဖြစ်လေ့ဖြစ်ထရှိသော နောက်ခံဂီတနှင့် စကားပြောအသံ ရောထွေးမှုများ မရှိတော့ဘဲ ပီသကြည်မြသော အသံစနစ်ဖြင့် နားဆင်ကြည့်ရှုနိုင်တော့မည် ဖြစ်သည်။ ထိုထက်ပို၍ စီနီမာစကုပ်ဖြင့် ရိုက်ကူးပြသနိုင်ပြီဆိုပါက ရိုက်ကူးပြသရေး အပိုင်းမှာပါ နိုင်ငံတကာအဆင့်မီ ကြည့်ရှုနိုင်ကြတော့မည်မို့ မြန်မာ့ရုပ်ရှင် အဆင့်မြင့်မားရေး ရုပ်ရှင်လောကသားအားလုံး ဝိုင်းဝန်းကြိုးပမ်းကြပါဦးဟူ၍ အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။



**နေပြည်တော်ရုံတွင် ဝင်လာသော Wanted ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**

### ယခုသောကြာပတ်ရုံတင်ဇာတ်ကားများ

စိတ်ညစ်စရာတွေ ပျောက်သွားစေရမယ်လို့ဆိုထားတဲ့ **အချစ်ကလန်းတယ်** ဟာသဇာတ်မြူးကားကို သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ကြည့်ရှုကြရမည်ဖြစ်သည်။ မန္တလေးဝင်းလိုက်၊ မြို့မရုံများနှင့် တောင်ကြီးဗန္ဓုလရုံများတွင်လည်း တစ်ပြိုင်တည်းပြသနေသည်။ မြို့လယ်ဝဇီရာရုံတွင် **မွှာသောက အင်းဝရာဇာ** တစ်ကျော့ ပြန်ပြသနေဆဲဖြစ်သည်။

### နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် ဂျိမ်းမက်ဗွိုင်း၊ မော်ဂန်ဖရီးမင်း၊ အင်ဂျလီနာဂျိုလီတို့ ပါဝင်ထားသော အက်ရှင်ဇာတ်ကား Wanted ပြသနေပြီး ရွှေဆောင်ရုံ၌ The Mummy, Tomb of the Dragon, Emperor ဇာတ်ကား ဆက်လက် ပြသနေဆဲဖြစ်သည်။

မြို့မတန်းမြင့်ရုံတွင် အက်ရှ်ရေးကူးမား၊ မဟီမာချောင်ဒါရီတို့ အဓိကပါဝင်ထားသည့် အက်ရှင်ဇာတ်ကား Khiladi 420 ပြသနေပြီး ဆုထူးပန်ရုံတွင် ဆန်ဂျေးဒတ်၊ ဆူနီးလ်ရှက်သီး၊ အဘီးရှက်ဘဂျန်းတို့ ပါဝင်ထားသော Dus ဇာတ်ကား ရုံဝင်လာသည်။

### ဆင်သချိုင်းရုံဝင်လာ

ရိုးမတောထဲက ဆင်သချိုင်းကို ရှာဖွေနေသူ နဂါးကမ်းတို့အုပ်စုအကြောင်း ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား **ဆင်သချိုင်း** မှာ မြေနီကုန်းရှိ ရတနာပုံရုံတွင် ရုံဝင်လာသည်။ ဟင်နရီ၊ ရဲထွဋ်၊ နဝရတ်နှင့် ပုလဲဝင်းတို့ အဓိကပါဝင်ထားသည်။ ။

**(မြန်မာ့အလင်း)**

**အချစ်ကလန်းတယ် ဇာတ်ကားမှ သုံးစုံတွဲ အမြိုး။**

KMD Since 1996
LCCI Accounting Course
For 2009 April Exam Series
Level I + II (Book-keeping & Accounts)
5 October 2008 (Sat+Sun)
4:00 to 6:00 pm
Duration (5) Months

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ
လွင်မြင့်ဓအောင် မြင်းစွာရှက်ခဆေးရည်
Lwin Myint Aung Industrial Co.,Ltd

● *ရှေ့ဖုံးမှ*

တတိယအချီ စက္ကန့် ၄၀၌ အလဲထိုးခဲ့သည်။ တွေ့မရှောင်ကလည်း အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)ကို တတိယအချီ ၂မိနစ်၅စက္ကန့်၌ အနိုင်ယူခဲ့သည်။ သုဝဏ္ဏ၌ စခန်းဝင်လေ့ကျင့်ထားသော စောငမန်းနှင့် တွေ့မရှောင်တို့၏ လက်ရည်ကို ပြိုင်ဘက်ကောင်းများဖြင့် ထပ်မံ ထိတွေ့ ယှဉ်ပြိုင်စေခြင်းဖြင့် ပိုမိုသိရှိနိုင်ရန် ယခုပွဲကြီးကို စီစဉ်လိုက်ခြင်းဖြစ်သည်။

**လက်ရည်အမြင့်ဆုံး**

တွေ့မရှောင်သည် လက်ရှိအားဖြင့် ၄င်းနှင့် ဝိတ်တန်းတူ လက်ဝှေ့သမားများတွင် လက်ရည်အမြင့်ဆုံးဟုဆိုရမည့် သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းကို စိန်ခေါ်ပွဲ လေးကြိမ်ယှဉ်ပြိုင် သုံးကြိမ် အနိုင်ရရှိထားခဲ့ပြီး ဒေါင်းညိုလေး၊ ထွန်းထွန်း၊ကျော်ငြိမ်းတို့ကိုလည်းအလဲထိုးပွဲများဖြင့် အနိုင်ယူခဲ့သည်။ မေလက သြစတြီးယားနိုင်ငံ Graz မြို့တွင် ဝယ်လ်တာဝိတ်တန်း ချန်ပီယံ (၂၀၀၂) နှင့် ကစ်ဘောက်ဆင် ဥရောပချန်ပီယံ(၂၀၀၄)၊ မွေထိုင်းရွှေခါးပတ်ရရှိထားသူ Thomas Hentz Berger ကို ဒုတိယအချီအပြီးတွင် အနိုင်ရခဲ့သူဖြစ်ရာ ယခုပွဲ၌ ၄င်းထက် ဝိတ်တန်းတစ်တန်းမြင့်သော ဝယ်လ်တာဝိတ်တန်းတွင် ရွှေခါးပတ်နှစ်ခု ထပ်ဆင့်ရရှိထားသည့် သူရရဲအောင်နှင့် တွေ့ဆုံပေးလိုက်ခြင်း ဖြစ်သည်။

လုံးချော
အလွတ်တန်း
ထိပ်ဆင့်
ရွှေခါးပတ်
ချန်ပီယံ
လုံးချော
(ညောင်တုန်း)

**နှစ်ကြိမ်ဆုံခဲ့ဖူး**

သူတို့နှစ်ဦးသည် ၂၀၀၆ ခုနှစ်အတွင်းက နှစ်ကြိမ် တွေ့ဆုံခဲ့ကြဖူးသဖြင့် မစိမ်းကြဟုဆိုရမည်ဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် နှစ်ဦးစလုံးက အလဲထိုးပွဲများဖြင့် လက်ရည် တက်လာကြသည့် သဘောရှိသည်။ သူရရဲအောင်သည်ခြောက်ကြိမ်တိုင် ယှဉ်ပြိုင် သရေကျခဲ့ဖူးသော အေးဗိုလ်စိန် (လယ်ယာ/ဆည်မြောင်း)ကို ဖေဖော်ဝါရီလက မော်ဘီပွဲတွင် အလဲထိုးခဲ့ပြီး လုံးချောကိုလည်း မုဒုံမြို့နယ် မြိုင်ကုန်းပွဲတွင် သရေထိုးသတ်ခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ် ၃၁ ရက်ကလည်း မန္တလေးမြို့တွင် ဝဏ္ဏ (မျိုးဇာနည်)ကို တတိယအချီ၌ အလဲထိုး အနိုင်ယူခဲ့ပြန်ရာ တွေ့မရှောင်နှင့် ရင်ဆိုင်ကြမည့်ပွဲသည် အလဲထိုးဘုရင်ချင်း ယှဉ်ပြိုင်ရမည့် ပွဲဖြစ်သည်။

**ပိုင်နိုင်ကျွမ်းကျင်**

တွေ့မရှောင်က ဖိုက်တာသမားဖြစ်ပြီး သူရရဲအောင်က ကောင်တာဖိုက်တာသမားဖြစ်သည်။ ယခုပွဲတွင် တွေ့မရှောင်က သူ၏ထုံးစံအတိုင်း လက်ဆန့်၍ တစ်လှမ်းချင်းရှေ့တိုးကာချောင်ပိတ်ဖမ်းပြီး လျှင်မြန်အားပါသော ခြေကန်ချက်များ၊ သပ်ရပ်ပြင်းထန်သော တံတောင်ရိုက်ချက်များဖြင့် ပွဲသိမ်းရန် ကြိုးပမ်းမည်ဖြစ်သကဲ့သို့ သူရရဲအောင်ကလည်း သူအားသန်သော ကောင်တာတိုက်စစ်ဖြင့် အနိုင်ယူရန် တွေ့မရှောင်ကို တိုင်ပင်ထောင်ချောက်ဆင်ပေလိမ့်မည်။ ညာခြေရှေ့ခင်းကာ ညာထောက်လက်သီးဖြင့် မြှူရင်း တစ်ဖက်လူအဝင်နှင့် ဘယ်ဒူးအပိုင်တိုက်ပြီး ဘယ်ဝိုက်ညာဖြောင့်တွဲလေ့ရှိသော သူရရဲအောင်၏ ကောင်တာတွဲလုံးက ထိရောက်မှုရှိလှသည်။ ဖခင်ဖြစ်သူ ပထမတန်းလက်ဝှေ့ ကျော်၊ ကျားသစ်ရဲအောင်၊ အစ်ကိုဖြစ်သူ ပထမတန်းလက်ဝှေ့ လက်ဝှေ့ကျော် အောင်အောင်ထွန်းတို့က (Boxing) လက်သီးအခြေခံ ကောင်းမွန်သူများဖြစ်ကြပြီး ရိုးရာလက်ဝှေ့ ပညာလည်း စုံလင်ကြသူများဖြစ်ရာ သူရရဲအောင်ကလည်း လက်သီးထိုးပေါက် စုံလင်သည်သာမက မြန်မာပြည်သားအဖွဲ့ နည်းပြချုပ် ဆရာကြီးဦးဗိုစိန်နှင့် ဆရာကြီးသန်းလွင်တို့ထံမှ နည်းနာများ ရယူထားသဖြင့် အပူး၊ အချုပ်၊ အညှစ်၊ အတိုက်၊ ကိုင်ပေါက်၊ ကပ်ဖိသတ်ကွက်များကို ပိုင်နိုင်ကျွမ်းကျင်သည်။

**သတ်လုံးသတ်ကွက်**

သို့ဖြစ်၍ သူတို့နှစ်ဦး တတိယအကြိမ် တွေ့ဆုံပွဲက လုပသော သတ်လုံးသတ်ကွက်များဖြင့် တန်ဆာဆင်ထားသည့် ပွဲကြမ်းတစ်ပွဲဖြစ်လာနိုင်ပေသည်။ လုပသော သတ်ကွက်များဖြင့် တန်ဆာမဆင်သည့်တိုင် အမြင်ရှင်းသော်လည်း ပေါက်ကွဲမှုပြင်းထန်သည့် ဒိုင်းနမိုက်ကဲ့သို့ ဖိုက်တာနှစ်ယောက် ခေါင်းချင်းဆိုင်မည့်ပွဲက ဝါးရင်းတုတ်ဖိုးကေ(မန္တလေး)နှင့် စောဂပရေမှူး(တွံတေး)တို့၏ မကျေပွဲဖြစ်သည်။ ဖိုးကေ၏သတ်ကွက်က ဝိုက်တွဲလက်သီး ရိုးရိုးကြီးဖြစ်သော်ငြား မိုးကြိုးသွားကဲ့သို့ ပြင်းထန်သည်။ သူ၏ဘယ်ဝိုက်လက်သီးထိရှသဖြင့် ပထမအချီ ၂၅စက္ကန့်အတွင်း စောဂပရေမှူး ကွဲရှုံး ရှုံးသွားခဲ့ဖူးသည်။ သို့ဖြစ်၍ ယခုပွဲတွင် စောဂပရေမှူးက သူ၏ပြင်းထန်သောကန်ချက် သွက်လက်စူးနစ်သော ဘယ်ညာတွဲလုံးများဖြင့် လက်တုံ့ပြန်မည့်သဘောရှိသည်။

ထိုပွဲများအပြင် မွန်ပြည်နယ်တစ်ခွင်၌ နာမည်ရခဲ့ပြီးမှ ရက္ခဖျာလအဖွဲ့သို့ ရောက်ရှိလာသူ အောင်ပိုင်းလင်းနှင့် ပရိသတ်အကြိုက် ဒူးတိုက်ချက်များဖြင့်လည်း ပွဲသိမ်းတတ်သူ ထစ်ချုန်း(မိုးသောက်ကြယ်)၊ တွေ့မရှောင် အသေးစားလေးအဖြစ် ပရိသတ်အသိအမှတ်ပြုရသူ လက်သီးပြင်းသည့် ထားဝယ်သား သားသား (K.L.N)နှင့်ဝါးရုံတော ကျွဲတိုးသကဲ့သို့ ထိုးသတ်လေ့ရှိသူ ရှမဝ(ဒေါင်းမြန်မာ)၊ လူပုံချောသလောက် ထိုးလုံးသတ်ပေါက် လုပသည့် ကျော်ဆန်း(မိုးသောက်ကြယ်)နှင့် မိုက်တိုင်စန်(အလင်းရောင်)၊ စောကရင်(မိုးသောက်ကြယ်)နှင့် ခိုင်စကြာ (ရက္ခဖျာလ)တို့၏ ငါးချီစိန်ခေါ်ပွဲများက ပထမနေ့ ပွဲကြည့်ပရိသတ်များထံမှ လက်ခုပ်သံ သဲ့ယူကြပေလိမ့်မည်။

**ဒုတိယနေ့**

စက်တင်ဘာ ၂၈ (ဒုတိယနေ့) ရက်တွင်လည်း ငါးချီစိန်ခေါ်ပွဲ တွဲဆိုင်းများက ပရိသတ်အကြိုက် နာမည်ရလက်ဝှေ့ကျော်များ ပါဝင်ကြသည်။ ဘင်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၆) ဒေါနအောင်(ရွှေလက်ရာ)နှင့် တွံတေးမြို့မှ နာမည်ကျော် လက်ဝှေ့သမား ဝမ်းနိုင်း၏ ရင်သွေး၊ ရွှေခါးပတ်ချန်ပီယံဟောင်း နိုင်းဝမ်းလေး ပထမတန်းလက်ဝှေ့ကျော်ဟောင်း ဦးတင်မောင်ဦးတို့၏တူ၊ ကျန်စစ်အောင်(အလင်းရောင်)၊ ဟိန်းညီညီ(အလင်းရောင်)နှင့် ပြည်နယ်နှင့်တိုင်း(ခ)အဆင့် အကောင်းဆုံးလက်ဝှေ့သမား၊ (က)အဆင့် ရွှေတံဆိပ်ရှင် ရှမ်းသွေးလေး(ဒေါင်းမြန်မာ)၊ တိုင်ပင်ကိုက် ညာဖြောင့်လက်သီးဖြင့် ပွဲပြီးစေတတ်သူ စောသဲမင်း(K.L.N)နှင့် ဒေဝဗလ (ရက္ခ ဖျာလ)၊ အားနှင့် အင်နှင့် ဆင်ရိုင်းတောတိုး တိုက်စစ်ဆင်တတ်သူ စောအာကာ (K.L.N)နှင့် စိန်သံမဏိ (အလင်းရောင်)တို့ ပွဲများသည် တစ်ပွဲနှင့်တစ်ပွဲ မတူခြားနားသော ရသများပေးစွမ်းမည် ဖြစ်သကဲ့သို့ တွံတေးသားပြိုင်ဘက်ဟောင်း နှစ်ဦးဖြစ်သည့် အောင်ဒီပ (အလင်းရောင်) (ယခင်သူရဲကောင်းကလပ်မှဖွဲ့သတ္တိ)နှင့် ကျော်ခေါက်(ဒေါင်းမြန်မာ)တို့ပွဲကလည်း သူ့အထွာနှင့် သူ့ပရိသတ်ကို တူတူတန်တန် ပေးဆပ်မည်ဖြစ်ပြီး ထိုနေ့၏ အဓိက စိန်ခေါ်ပွဲကြီးဖြစ်သည့် လုံးချောနှင့်စောငမန်းတို့ပွဲကမူ ဝါရင့်ပထမတန်း လက်ဝှေ့ကျော်များ ပီသစွာ ယှဉ်ပြိုင်ကြပါလိမ့်မည်။ အထူးသဖြင့် မိမိနောက်မှ ပထမတန်းသို့တက်လာပြီး ချန်ပီယံဘွဲ့ ခံယူနေသူ လုံးချောထံမှ ချန်ပီယံသရဖူကို ယခုပွဲတွင် အရမယူနိုင်လျှင် ယူပိုင်ခွင့်ပို၍ဝေးဝေးသွားမည့် သဘောရှိနေသော စောငမန်းအနေဖြင့် ပွဲကြမ်းမည်က သေချာလှသည်။ ။

စောငမန်း
လုံးချောထံမှ
ချန်ပီယံ
သရဖူ
လုယူမည့်
စောငမန်း



ဖိုးကေ
(မန္တလေး)
လက်သီး
ပြင်းသည့်
ဝါးရင်းတုတ်
ဖိုးကေ
(မန္တလေး)

(မြန်မာ့အလင်း)

# မန္တလေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်

## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မန္တလေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၈ရက်တွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်ပေးပို့**

အာစရိယပူဇော်ပွဲတွင် ၂၀၀၈ခုနှစ် ဇွန် ၁ရက်၌ အသက်(၆၅)နှစ်ပြည့်ပြီး မန္တလေးတက္ကသိုလ်တွင် အနည်းဆုံးတစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ရွှေရတုအာစရိယပူဇော်ပွဲကျင်းပရေးကော်မတီအနေဖြင့် အပူဇော်ခံကြမည့် ဆရာကြီး ဆရာမကြီးများ၏ အမည်စာရင်းများကို ရှာဖွေစုဆောင်း၍ ပြုစုထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပြည့်စုံမှုများရှိနိုင်၍ မန္တလေးတက္ကသိုလ်တွင် အနည်းဆုံးတစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်၌ အသက်(၆၅)နှစ်ပြည့်ပြီး ဆရာကြီး ဆရာမကြီးများသည် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြအေး ဖုန်း-၀၉-၂၀၀၀၇၉၇၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဦးပိုမြင့် ဖုန်း-၀၉-၂၀၀၀၇၃၅ နှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ တို့သို့ဆက်သွယ်၍ အမည်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

# ဆေးတက္ကသိုလ်(၁) (၁၉၈၃-၈၈)ခုနှစ် ကျောင်းသူ၊ ကျောင်းသားများ၏

## ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

၁၉၈၃-၈၈ခုနှစ်တွင် ဆေးတက္ကသိုလ်(၁)၌ ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် တနင်္ဂနွေနေ့တွင် M3 Food Center ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဆရာကန်တော့ပွဲနှင့် သူငယ်ချင်းများ ပြန်လည်တွေ့ဆုံပွဲအတွက် လိုအပ်သောအမှတ်တရပစ္စည်းများ၊ သူငယ်ချင်းများ၏မှတ်တမ်းစာအုပ် ပြုစုထုတ်လုပ်နိုင်ရန်အတွက် ဓာတ်ပုံများ၊ ကိုယ်ရေးအချက်အလက်များ၊ အလှူငွေများကို အောက်တိုဘာ ၁၉ရက် နောက်ဆုံးထား ပေးပို့ရန်နှင့် ခင်သီတာအောင် ဖုန်း-၀၉-၅၁-၆၅၅၁၂၊ ခိုင်ခိုင်ဇော် ဖုန်း-၀၉-၅၀၁၉၄၅၀၊ သန်းသန်းအေး ဖုန်း-၀၉-၅၀၂၂၇၆၆၊ အေးအေးပြုံး ဖုန်း-၀၉-၅၀၀၀၇၀၆၈၊ အေးအေးခိုင် ဖုန်း-၀၉-၅၀၀၃၀၇၀၊ ဌေးဌေးအောင် ၀၉-၅၁-၄၇၅၆၀၊ ခင်မောင်လွင် ဖုန်း-၀၉-၈၀၃၀၄၄၅၊ မြင့်စိုး ဖုန်း-၀၉-၅၁-၁၂၇၀၀၊ မောင်မောင်လွင် ဖုန်း-၀၉-၅၁-၁၃၀၉၇၊ ဟံဝင်း ဖုန်း-၀၉-၅၀၁၃၁၈၉၊ အောင်ကျော်ထူး ဖုန်း-၀၉-၅၀၀၇၄၃၉၊ အောင်ကြည် ဖုန်း-၀၉-၅၁-၇၂၃၈၁၊ အေးမောင် ဖုန်း-၀၉-၈၀၃၂၆၆၇၊ အောင်ထွန်း ဖုန်း- ၀၉-၅၀၀၂၇၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# တုပ်ကွေးရောဂါကာကွယ်ပါ

၁။ တုပ်ကွေးရောဂါသည် ရာသီမရွေး ဖြစ်ပွားနိုင်ပါသည်။ ရာသီဥတု အပြောင်းအလဲတွင် ပို၍ဖြစ်ပွားတတ်ပါသည်။ တုပ်ကွေးဖျားလျှင်(၃-၄)ရက်ခန့် အပူချိန်တက်၍ ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်လုံးပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများ ဖြစ်တတ်ပါသည်။

၂။ ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ ရာသီဥတု အပြောင်းအလဲကြောင့် သဘာဝအရ ဖြစ်ပေါ်တတ်သည့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပြီး ကူးစက်တတ်ပါသည်။ တစ်ကိုယ်ရေ ကျန်းမာရေးကို ဂရုစိုက်လျှင် ဆောလျင်စွာ ပျောက်ကင်းပါသည်။

၃။ တုပ်ကွေးရောဂါမှ ကာကွယ်ရန်-

- (က) နေပူမှလာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- (ခ) တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုစိုက်ပါ၊
- (ဂ) လူများပြားထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။
- (ဃ) နှာချေလျှင်၊ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ၊
- (င) ဖျားနာမည်ဟု သံသယရှိပါက ရေများများ သောက်ပါ၊ အနားယူပါ။
- (စ) အာဟာရပြည့်ဝအောင် စားသုံးပါ၊
- (ဆ) ဗီတာမင်စီ အပြည့်အဝပါသော အသီးအနှံနှင့် အရွက်များကို စားပါ၊

လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ သွားရောက် ပြသစစ်ဆေးမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

# Art Field ပန်းချီပြပွဲ လောကနတ်၌ ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂၅**

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) နှင့် ပန်းချီပန်းပုကျောင်း (ရန်ကုန်)တို့မှ ဘွဲ့ရကျောင်းဆင်း ပန်းချီပညာရှင် ၁၀ဦးတို့၏ Art Field အမည်ရှိ ပန်းချီပြပွဲကို စက်တင်ဘာ ၂၄ရက်မှ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ လောကနတ်အနုပညာခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် ဆီဆေး၊ အခရိုင်းလစ်၊ ရေဆေးတို့ဖြင့် မြန်မာ့ယဉ်ကျေးမှုသရုပ်ဖော်ပုံ၊ ပြည်ထောင်စု တိုင်းရင်းသားပုံနှင့် သဘာဝသရုပ်ဖော်ကျူးထားသည့် ပန်းချီကား ၅၄ကားတို့ကို ပြသထားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်မဲ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် စည်းဝေး

ကျောက်မဲ စက်တင်ဘာ ၂၀

**ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အသင်းရုံး၌ ကျင်းပသည်။**

အခမ်းအနားတွင် သဘာပတိ မြို့နယ် ဥက္ကဋ္ဌ ဒုတိယရဲမှူးကိုကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အသင်းအတွင်းရေးမှူး ဦးစိုင်းအောင်ကြည်က ဒေသအစီရင်ခံစာများ၊ မြို့နယ်အသင်းရုံး ဆောက်လုပ်မှုနှင့် အထွေထွေကိစ္စရပ်များကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ လူမှုရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသူများ၊ ရှမ်း၊ ပလောင်၊ မုံးဝန်း ယဉ်ကျေးမှုအဖွဲ့များ၊ ရောဝတီတိုင်းလေဘေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အားပေးဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ခရိုင်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများကဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်များက ဒေသအလိုက် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းခြင်း၊ ကဏ္ဍအလိုက် အစုအဖွဲ့များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဦးစိုင်းနော်ခမ်းဦးက ပြန်လည်ရှင်းလင်းဖြေကြားကာ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ဖြင့် ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဗလာစာအုပ်ဒါဇင် ၆၀ နှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၅၉၀၀၀၀ ကို လှူဒါန်းကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

# လှိုင်ကော်မြို့၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

လှိုင်ကော် စက်တင်ဘာ ၁၄

ကယားပြည်နယ် ၂၀၀၈-၂၀၀၉ မိုးရာသီစပါးခင်းများအတွင်း ငါးသားပေါက်မျိုးစိတ်များ စိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၇နာရီက လှိုင်ကော်မြို့နယ် မုံပြာကျေးရွာအနီး၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီးဒေါ်နွယ်နီဝင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် လှိုင်ကော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်သီတာက မိုးရာသီစပါးခင်းများအတွင်း ငါးသားပေါက်မျိုးစိတ်များ ထည့်သွင်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးတို့က တက်ရောက်လာ ကြသူများနှင့်အတူ ငါးသားပေါက်မျိုးစိတ်များကို စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

## အမှာစကားပြောကြား

**စက်တင်ဘာ ၁၃ ရက်က မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော ၂၀၀၈ ခုနှစ် ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်က အဖွင့်အမှာစကား ပြောကြားစဉ်။** (ဝဝ၃)

# ဟိုပင်မြို့၌ အသိပညာပေး ဟောပြော

ဟိုပင် စက်တင်ဘာ ၁၄

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ရက် မွန်းလွဲ ၂နာရီက ဟိုပင်မြို့ မြေနုကျေးရွာ ရွာဦးဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဆွေဆွေမာက လူမှောင်ခိုနှင့်အကြမ်းဖက်မှု ကာကွယ်တားဆီးရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြတင်က စာပေဗဟုသုတများအကြောင်းကိုလည်းကောင်း၊ ဆရာမကြီး ဒေါ်အုံးတင်က ယဉ်ကျေးလိမ္မာအကြောင်း ဗဟုသုတများကို လည်းကောင်း ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦး ဦးဆောင်သော ဝန်ထမ်းများ ဩဂုတ် ၁၆ရက်က မြို့ပေါ်ရပ်ကွက် ရေမြောင်းများ ဖော်ထုတ်ရှင်းလင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း တွန်းဇံ၌ ဖွင့်ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်း

တွန်းဇံ စက်တင်ဘာ ၁၈

တွန်းဇံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့ပူးပေါင်း၍ အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရေရှည်တည်တံ့ရေး

ရှေးဦးစွာ တွန်းဇံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွာလ်ဆွင်းဗန်က စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းပို့ချသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွာလ်ဆွင်းဗန်နှင့် ရပ်/သံကျွမ်းကျင်-၃ ဦးထန်ဇလျန်းတို့က စာကြည့်တိုက်ပညာရပ်များဖြစ်သည့် စာအုပ်များ အမျိုးအစားအလိုက် မျိုးတူစုခွဲနည်းနှင့် စာအုပ်ထိန်းသိမ်းနည်းများကို ဆွေးနွေးပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဩဂုတ် ၂၂ ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပုဏ္ဏဝတီ လမ်းဘေးဝဲယာတစ်လျှောက် မြေခင်းအလှ ပြုပြင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# မြို့နယ် သတင်းများ

# ဖလမ်းမြို့ သီးလီကျေးရွာ စာကြည့်တိုက်သို့ မဂ္ဂဇင်းနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်း

ဖလမ်း စက်တင်ဘာ ၂၀

**ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဖလမ်းခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ စက်တင်ဘာ ၁၅ရက် နံနက် ၁၀နာရီက ဖလမ်းမြို့နယ် သီးလီကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့သွားရောက်ပြီး ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။**

## ပေးအပ်

**ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က လှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ် ၂၀၀တို့ကို ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဖန်းစိန်နှင့် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကောလ်လျန်မာန်းဟန်းတို့က သီးလီကျေးရွာ စာကြည့်တိုက်မှူး ဒေါ်အလွန်နယကျဲရ်အား ပေးအပ်ကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

# ကောလင်းစည်ပင် သစ်သားတံတား တည်ဆောက်

ကောလင်း စက်တင်ဘာ ၁၃

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အလေးထားဆောင်ရွက်လျက်ရှိရာ ကောလင်း-ကျောက်ပြင်သာလမ်းပေါ်ရှိ အင်ပင်လှကျေးရွာအနီး တည်ဆောက်သော သစ်သားတံတားတည်ဆောက်မှု အခြေအနေကို ဩဂုတ် ၃၀ရက်က ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# မိုးမောက်မြို့၌ အော်တိုဒီဂျစ်တယ် အိတ်ချိန်းလိုင်းတည်ဆောက်

မိုးမောက် စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လိုင်း ၃၀၀ အော်တိုဒီဂျစ်တယ်အိတ်ချိန်း တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁ ရက်က စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်အထိ ရုံးအဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ အိတ်ချိန်းစက်တပ်ဆင်ခြင်း၊ မြေအောက်ကြိုးများတပ်ဆင်ခြင်း၊ တယ်လီဖုန်းတိုင်များ စိုက်ထူခြင်းနှင့် မြို့တွင်းကေဘယ်လ်ကြိုးများ တပ်ဆင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် အသားငါးဆိုင်များ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး၊ သားငါးရောင်းချသည့် နေရာများတွင် ယင်များ၊ အနံ့အသက်ဆိုးများ မရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အသားများ ရောင်းချစေရေးအတွက် ဩဂုတ်၂၀ ရက်က မြို့နယ်အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များ၊ အမှုဆောင်အရာရှိ ဦးမောင်တိုး၊ ဈေးခေါင်း(၄)နှင့် ဈေးအကျိုးတော်ဆောင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

## ကျောက်ချောခင်း

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွမ်းလုံလမ်းဆုံမှ ကြန်ကြားကျိုင်းကျေးရွာသွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ဩဂုတ် ၂၈ ရက်က ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးမျိုးဇော်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီရေး ဖြူး၌ဆောင်ရွက်

ဖြူး စက်တင်ဘာ ၈

ပဲခူးတိုင်း ဖြူးမြို့နယ်တွင် ၂၀၀၈ခုနှစ် မိုးစပါးစိုက်ဧက ၁၅၄၅၀၀ စိုက်သွားရန် သတ်မှတ်လျာထားခဲ့ရာ သတ်မှတ်လျာထားချက်အတိုင်း အပြည့်အဝ အောင်မြင်စွာ စိုက်ပျိုးသွားနိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်စု (၆၁)အုပ်စုတို့မှ တောင်သူလယ်သမားကြီးများက မိုးဦးရာသီမှစတင်၍ မြေယာပြုပြင်ခြင်း၊ ပျိုးထောင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများကို ရာသီအမီ အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရာ ယခု စက်တင်ဘာ ၅ရက်အထိ စိုက်ဧကပေါင်း ၁၅၃၅၃၇ ဧကနှင့် ၉၉ ဒသမ၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ (ဝ၅၁)



## မကွေးတိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မကွေး စက်တင်ဘာ ၁၇

မကွေးတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

### နှုတ်ခွန်းဆက်

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(အပေါ်ပုံ) နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

### ကျင်းပ

ထို့နောက် ပြိုင်ပွဲအစီအစဉ်များကို စတင်ကျင်းပရာ မြို့တော်ခန်းမ၌ အဆင့်လိုက် အကပြိုင်ပွဲများ၊ အတီးပြိုင်ပွဲများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဟောခန်းမ၌ အဆင့်လိုက် အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများကို လည်းကောင်း ကျင်းပသည်။ (တိုင်း ပြန်/ဆက်)

## တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြို့နယ်များသို့ ပညာရေးငွေပဒေသာပင် ပေးအပ်

တောင်ငူ စက်တင်ဘာ ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ် ပံ့ပိုးမှုဖြင့် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြို့နယ်များသို့ ပညာရေး ငွေပဒေသာပင်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက်က တောင်ငူမြို့ခပေါင်းခန်းမ၌ကျင်းပသည်။

### အမှာစကား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးထက်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်း၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်းမြို့နယ်များသို့ ကျပ်၅၁၁၀၀၀၀ကိုလည်းကောင်း(ယာပုံ)၊ ဖြူးမြို့နယ်သို့ ကျပ် ၅၁၃၁၅၀၀ ကို လည်းကောင်း၊ ကျောက်ကြီးမြို့နယ်သို့ ကျပ် ၅၀၂၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၃၀၅၉၁၅၀၀ ကို ပညာရေးငွေပဒေသာပင်အဖြစ် ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံယူကြသည်။

### တိုးပွားရေး

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ အစီအစဉ်ဖြင့် မြို့နယ်အလိုက် ပညာရေးငွေပဒေသာပင်များတိုးပွားရေး စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

## ရွှေစကား စာကြည့်တိုက် မြစ်သားမြို့၌ဖွင့်

မြစ်သား စက်တင်ဘာ ၁၃

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရန်အေးကျေးရွာ ရွှေစကားစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် မွန်းလွဲ ၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ရည်ရွယ်ချက်များကိုရှင်းလင်းဆွေးနွေးပြီး ရွှေစကားစာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် ရပ်မိရပ်ဖ ဦးတိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ရေဂါလန် ၂၅၀၀ဆံ့ သံကူကွန်ကရစ်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်လေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် တောင်ကြီးမြို့အတက်လမ်း လမ်းဘေး၌ မြေယာရှုခင်းဆောင်ရွက်မှုလုပ်ငန်းကို ဩဂုတ် ၁၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးညွန့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ရှင်ဗွေယန်မြို့၌ ရေတုံကင်တူးဖော် ရေလှောင်ကန်တည်ဆောက်

ရှင်ဗွေယန် စက်တင်ဘာ ၁၅

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရှင်ဗွေယန်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ရက်က ရှင်ဗွေယန်မြို့ အမှတ်(၃) ရပ်ကွက်အတွင်း၌ တစ်လက်မခွဲ လက်နှိပ်ရေတုံကင် တွင်းတူးဖော်မှုနှင့် ရေလှောင်ကန် တည်ဆောက်မှုကို မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဆန်းအောင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝဝ၁)

## ကံမမြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

ကံမ စက်တင်ဘာ ၁၆

ကံမမြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၉ ရက်က ကံမမြို့ အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးတင်အောင်က သမဝါယမလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသည်။

### ထုတ်ပေး

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးသိန်းလွင်က ဆောင်ရွက်ပြီး အသင်းဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကိုတင်သွင်း၍ အသင်းသားများ၏ အတည်ပြုချက်ရယူသည်။ အစည်းအဝေးအပြီးတွင် အစုအပေါ်အမြတ်နှင့် စုဆောင်းငွေအပေါ် အတိုးကျပ် ၆၄၁၇၉၂ ကို အသင်းသား ၅၁၉ဦးသို့ တစ်ဦးချင်း ထုတ်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ပြည်သာယာလမ်းဘေး မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်စည် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)



## ခန္တီးမြို့ အမှတ်(၄) မူလွန်ကျောင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးဟောပြော

ခန္တီး စက်တင်ဘာ ၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၁၀နာရီက ခန္တီးမြို့ အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။

### ဟောပြော

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးမျိုးကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲအုပ်ဉာဏ်မြင့်လှိုင်က တားဆီးကာကွယ် မူးယစ်ဆေးအန္တရာယ် ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် မြင်းခြံ-နဘူးအိုင်-ဆီမီးခုံလမ်း ဖက်ပင်အိုင်ကျေးရွာနှင့် ဆီမီးခုံကြား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ရက်က လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# မိုင်းယုမြို့နှင့် မိုင်းယောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အရှေ့ပိုင်းဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကျိုင်းတုံ-မိုင်းဖြတ်-မိုင်းယောင်း-မိုင်းယု ကားလမ်းတစ်လျှောက် ***စာမျက်နှာ ၈ ကော်လံ ၄*** ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တွင် ရှားပါးစာအုပ်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

# ပြည်သူတို့ ဗဟုသုတရှာမှီးရာ ဘဝရှေ့ဆောင် အလင်းရောင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်

သတင်းဆောင်းပါး - နုနုရီနှင့် သန်းသန်းနု၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

**ရန်ကုန် စက်တင်ဘာ ၂၅**

စာပေသည် ပြည်သူတို့၏အသိပညာ ဗဟုသုတကို တိုးပွားစေသည်။ စာပေဖတ်ရှုခြင်းဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပြီး မှန်ကန်သော အတွေးအခေါ်နှင့် ဆုံးဖြတ်နိုင်ပေသည်။ စာပေဗဟုသုတများ စုဆောင်းထားရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ စက်တင်ဘာ ၂၅ ရက်က သွားရောက်လေ့လာခဲ့သည်။ ***စာမျက်နှာ ၆ ကော်လံ ၃*** ●

## အာကာသသိပ္ပံ

# အင်္ဂါဂြိုဟ်မျက်နှာပြင်မှ အင်ဒီဗာဟာချိုင့်ဝှမ်း

နာဆာအဖွဲ့မှ စေလွှတ်ထားသော အင်္ဂါဂြိုဟ်လှည့်လာရေးယာဉ် အော့ပို့ကျူနတီသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် တစ်နေ့လျှင် ခရီးမိုင်အကွာအဝေး အနည်းငယ်မျှသာသွားလာကာ အသေးစိတ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❐

# နိုင်ငံတကာ ဘောလုံးပွဲကြီးပွဲကောင်းများ မြန်မာပရိသတ် မကြာမီကြည့်ရတော့မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ဘရာဇီးနိုင်ငံမှ Associacao Missao Esperanea(AME) ဘောလုံးအသင်း မြန်မာနိုင်ငံသို့လာရောက်ပြီး ရန်ပုံငွေဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

**ရန်ပုံငွေပွဲ**

ဘရာဇီးနိုင်ငံ AME ဘောလုံးအသင်းသည် လာမည့် အောက်တိုဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး အောက်တိုဘာ ၂၇ ရက်တွင် ကလေးသူငယ်များ ***စာမျက်နှာ ၆ ကော်လံ ၆*** ✻

# မြန်မာနိုင်ငံ ရဲချုပ်နှင့်အဖွဲ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ခေါ်ယူတွေ့ဆုံ သတိပေးပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်စွဲဖြင့် အထူးကြေညာချက် အမှတ်-၁၈/၀၉/၀၈ ကို ထုတ်ပြန်ခဲ့သည်။

**အကြည်ညိုပျက်စေ**

အဆိုပါ အထူးကြေညာချက်၌ အခြေခံဥပဒေမူကြမ်း ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ဖော်ပြရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်နိုင်ခြင်း၊ နိုင်ငံတော်အစိုးရအပေါ် ပြည်သူများက အထင်မှား၊ အကြည်ညိုပျက်စေခြင်း၊ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို သိက္ခာကျဆင်းစေခြင်းနှင့် ထိခိုက်ပျက်ပြားစေခြင်း၊ လွတ်လပ်စွာဆန္ဒပေးခဲ့ကြသော အများပြည်သူများအား စော်ကားရာရောက်စေခြင်းစသည့် ရေးသား၊ ဖော်ပြမှုများပါရှိနေသည်။

**သတိပေးပြောကြား**

သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုအတွက် တာဝန်ရှိအဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်အဖွဲ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်ငါးဦးအား ယနေ့မွန်းလွဲ ၂ နာရီတွင် ခေါ်ယူတွေ့ဆုံ သတိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**